# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (14-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို ထားဝယ်မြို့ရှိ ပုလဲကေရီခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

**ရတနာပုံ ယနေ့ဖတ်စရာ**

**၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း**
စာမျက်နှာ - ၁၉

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ**
စာမျက်နှာ - ၂၀

**NCA စာချုပ်မှသည် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့**
ဆောင်းပါး စာမျက်နှာ - ၁၀



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက တမံလျှော့အကျမှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုကို ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

ရခိုင်ပြည်နယ် မဟုတ် — ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ်မခံရစေရန်အတွက်

**စာမျက်နှာ ၂၂ ကော်လံ ၁**

## လေးမျက်နှာမြို့နယ် ငဝန်တာအိကျသည့်နေရာတစ်ဖက်ကမ်းရှိ သောင်ခုံကို ရှင်းလင်းဖယ်ရှားခြင်းနှင့် သောင်တူးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ပုသိမ် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်တာအိကျသည့်နေရာတွင် နောက်နှစ်များ၌ အလားတူ တာအိကျခြင်းနှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများက မြစ်ကြောင်းများကောင်းမွန်ရေး သောင်တူးခြင်းလုပ်ငန်းများ၊ ကမ်းထိန်းလုပ်ငန်းများနှင့် ငဝန်တာတာမိုင် ၂၅/၃ ကို အခိုင်အမာပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက

**စာမျက်နှာ ၂၂ ကော်လံ ၁**



တာအိကျခြင်းနှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး သက်ဆိုင်ရာဌာနများက မြစ်ကြောင်းများ ကောင်းမွန်ရေး သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအတွက် အားသစ်များ

လူတစ်ဦးချင်းစီ၏ ကျန်းမာရေးသည် မိသားစုတစ်စု၏ အနာဂတ်အတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးပါလျက်ရှိသည်။ ပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့ အသက်ရှင်နေထိုင်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် လိုအပ်သည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စေရန် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဝါးပစ္စည်းများ ပြည့်စုံရေးအပြင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များလည်း မရှိမဖြစ်လိုအပ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် **"လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ"** ဆိုသည့်မူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် **"ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်"** ဆိုသည့် အဓိကရည်မှန်းချက်ကို ပြည့်ဝစေရေး အလေးထားပြီး မြို့ပြနှင့်ကျေးလက်မကျန်၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရေး၊ ပြည်သူ့ဆေးရုံများတွင် အများပြည်သူလူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်လစ်လပ်နေရာများ မြန်မြန်ဆန်ဆန် ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် အလုပ်သင်ဆရာဝန်ကာလအောင်မြင်ပြီး သစ်လွင်ဆရာဝန်များကို တိုက်ရိုက်ခန့်အပ်နိုင်ရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးခဲ့သည်။

အောက်တိုဘာ ၁၂ရက်က ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များ နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာ၌ **"ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကို စောင့်ရှောက်ခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပညာနှင့်စေတနာကို ပြည်သူ့အကျိုးအတွက် အကောင်းဆုံးအသုံးချကြရန်၊ နိုင်ငံတော်က အားထားရသည့် ဆရာဝန်ကောင်းများ၊ ပြည်သူက ယုံကြည်အားကိုးရသည့် ကျန်းမာရေးပညာရှင်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း"** စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံး သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယ ကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် သစ်လွင်ဆရာဝန်များကလည်း မိမိတို့၏ ပညာနှင့်စေတနာကို ပြည်သူ့အကျိုးအတွက် အကောင်းဆုံးအသုံးချကြ၍ နိုင်ငံတော်ကအားထားရသည့် ဆရာဝန်ကောင်းများ၊ ပြည်သူက ယုံကြည်အားကိုးရသည့် ကျန်းမာရေးပညာရှင်များအဖြစ် ကြိုးစားကြရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၁၂၁၁၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြင်းမူ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၂၁၁၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၅၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၂၁၁၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်း ၁၉၀၅၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် အသိပညာ ပေးနေပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် မန်ကျီးကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ မန်ကျီးကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုအောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း များ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၅ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆင်းသုခစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆင်းသုခစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ဆင်းသုခစပါး တင်းရေ ၃၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဆင်းသုခစပါး တင်းရေ ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဆင်းသုခစပါးတင်းရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ စပါး၊ ဆန်နဲ့ အခြားလယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့တင်ပို့မှု ကောင်းခဲ့တာဖြစ်ပါတယ်။ ဆင်းသုခစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆင်းသုခစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# တံတားဦးမြို့နယ် ချောင်းပတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းပတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၃၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၀ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၈လမ်း၊ ၈၂ လမ်းနေ ဦးတင်မောင်သန်းမိသားစုက ဦးအောင်အားရည်စူး၍ ဆေးဘက်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများနှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးဆပ်ကော်မတီအဖွဲ့ဝင် ဒေါ်သင်းသင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၂၅၉၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၂၅၉၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲ စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဧက ၆၆၀၊ ဖောင်းပြင်မြို့နယ်တွင် ၁၉၃၅ ဧက စုစုပေါင်း ၂၅၉၅ ဧကဖြစ်ကြောင်း၊ အဆိုပါ စားတော်ပဲများကို ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ စားတော်ပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ စားတော်ပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ စားတော်ပဲစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးသွားပါမယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် စားတော်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။(၂၀၆)

# ချမ်းမြသာစည်မြို့နယ် အ.ထ.က(၁၃)ကျောင်းခွဲ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ချမ်းမြသာစည် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အပူဒဏ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် အမှတ် (၁၃) အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ ချယ်ရီစူပါစိမ်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်နီနီဆွေက အပူဒဏ်အန္တရာယ်များအကြောင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် လက္ခဏာများနှင့် ကြိုတင်ကာကွယ် နေထိုင်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမင်းက အယ်လ်နီညိုအပူဒဏ်မြင့်တက်လာခြင်းကြောင့် မီးဘေးအန္တရာယ်များကို ပို၍ဂရုစိုက်ရန်လိုကြောင်း အသိပညာပေး ရှင်းလင်းပြောကြားပြီး မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့်အဖွဲ့ဝင်များက ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများထံ ပေးဝေခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

# ဇလွန်မြို့နယ်တွင် ဒေသထွက် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ဒေသထွက် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇင်သူဇာက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလပထမပတ်မှ ယနေ့ထိ ဂေါ်ဖီထုပ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဂေါ်ဖီထုပ်များ တစ်ရက်လျှင် အထုပ်ရေ ၁၂၀၀၀ မှ ၁၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"အရောင်းအဝယ်ဖြစ်နေတဲ့ ဂေါ်ဖီထုပ်တွေက ပိုးမွှားအန္တရာယ်ကင်းရှင်းတာတွေ့ရပါတယ်။ ဒေသတွင်း သုံးစွဲမှုများတာကြောင့် အရောင်းအဝယ်ကောင်းလာပါတယ်။ လတ်တလောအနေနဲ့ ဂေါ်ဖီအရွယ်အစားစုံ အထုပ်ရေ ၁၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးတဲ့သူတွေအပြင် လုပ်သားတွေနဲ့ ကုန်တင်ယာဉ် အငှားလိုက်သူတွေပါ အဆင်ပြေလာတာကို တွေ့ရပါတယ်"ဟု ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇင်သူဇာက ပြောပြသည်။

ဇလွန်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ဂေါ်ဖီထုပ်အသေး ၁၀ ထုပ်လျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၃၀၀၀၊ ဂေါ်ဖီထုပ်အကြီး ၁၀ ထုပ်လျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၄၅၀၀ ထိ အရွယ်အစားအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါဂေါ်ဖီထုပ်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဂေါ်ဖီစိုက်တောင်သူများ၊ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇင်သူဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အိန္ဒိယနိုင်ငံရောက် မြန်မာဘုရင်ခေါင်းလောင်း

မောင်သာ(ရှေးဟောင်းသုတေသန)




အိန္ဒိယနိုင်ငံသို့ ရောက်ရှိသွားသည့် အနောက်ဘက်လွန်မင်းခေါင်းလောင်းပုံ။

မြန်မာ့သမိုင်းတစ်လျှောက်တွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများသည် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားခဲ့ကြသည်။ ၎င်းပစ္စည်းများတွင် မြန်မာနိုင်ငံက ပြန်လည်ရရှိခဲ့သည့် ပစ္စည်းများရှိသကဲ့သို့ ပြန်လည်မရရှိခဲ့သော ပစ္စည်းများသည်လည်း အများအပြားရှိခဲ့သည်။

ပြည်ပနိုင်ငံများရှိ ပြတိုက်များနှင့် ရှေးဟောင်းပစ္စည်းစုဆောင်းသူများထံသို့ နည်းမျိုးစုံဖြင့် ရောက်ရှိသွားကြသည့် တချို့ပစ္စည်းများကို ပြည်ပနိုင်ငံပြတိုက်တချို့တွင် ပြသထားသည်။ ယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးမထားသည့် မှောင်ခိုသမားများက ပြည်တွင်းမှ တရားမဝင်ခိုးထုတ်ကာ ပြည်ပသို့ရောင်းချသည့် အမွေအနှစ်များသည် အရေအတွက် နည်းလှမည်မဟုတ်ချေ။

ပြည်ပသို့ ရောက်ရှိသွားသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များတွင် မှတ်တမ်းကမ္ပည်းစာများ ရေးထိုးထားသည့် သမိုင်းဝင်ခေါင်းလောင်းများလည်း ပါဝင်ခဲ့သည်။ ထိုခေါင်းလောင်းများအနက် ပြည်ရွှေဆံတော်စေတီတွင် တင်လှူထားသည့် မောင်အောင်တူနှင့် ဇနီး ရှင်မင်းရောက် မိသားစု အလှူခေါင်းလောင်းနှင့် ပဲခူးရွှေမော်ဓောစေတီ ခေါင်းလောင်းတို့သည် ပြည်ပသို့ရောက်ရှိပြီးမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သော်လည်း ရွှေတိဂုံစေတီတွင် တင်လှူချိတ်ဆွဲထားသည့် စဉ့်ကူးမင်း၏ အလှူခေါင်းလောင်းသည် ပြည်ပသို့ယူဆောင်သွားသော်လည်း မရောက်ရှိခဲ့ဘဲ မူလနေရာ၌ ပြန်လည်ချိတ်ဆွဲနိုင်ခဲ့သည်။

ပြည်ပရောက် မြန်မာခေါင်းလောင်းများအနက် အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ချ်ပြည်နယ် အလီဂဟ်မြို့ (Aligarh) တွင် ယနေ့တိုင်ရှိနေသည့် ခေါင်းလောင်းသည် မြန်မာဘုရင်တစ်ပါး သွန်းလုပ်လှူဒါန်းခဲ့သည့် ခေါင်းလောင်းဖြစ်သည်။ ထိုခေါင်းလောင်းသည် ဇီလ္လာအလီဂဟ်(Zillah Alligarh )မြို့ရှိ နာဒရောဟီဂတ် (Nadrohighat ) ဟိန္ဒူဘုရားကျောင်းတွင်ရှိ၍ ညောင်ရမ်းခေတ် မြန်မာဘုရင်တစ်ပါးဖြစ်သည့် အနောက်ဘက်လွန်မင်း(၁၆၀၆-၁၆၂၈) လှူဒါန်းသည့် ခေါင်းလောင်းဟု သမိုင်းစာတမ်းများတွင် ဖော်ပြသည်။

**အနောက်ဘက်လွန်မင်း**

၁၇ ရာစု အစပိုင်းကာလတွင် အောက်မြန်မာနိုင်ငံ သန်လျင်တွင် မင်းမူခဲ့သည့် ပေါ်တူဂီလူမျိုး ငဇင်ကာကို နှိမ်နင်းခဲ့သည့် ညောင်ရမ်းဘုရင် အနောက်ဘက်လွန်မင်းသည် ညောင်ရမ်းအင်ပါရာကို ချဲ့ထွင်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံသည် အရှေ့ဘက်တွင် ကျိုင်းရုံးကြီး၊ အနောက်ဘက်တွင်ရခိုင်ရိုးမ၊ တောင်ဘက်တွင် ထားဝယ်နှင့် မြောက်ဘက်တွင် ဗန်းမော်ထိ ကျယ်ဝန်းခဲ့သည်။

အနောက်ဘက်လွန်မင်းသည် ညောင်ရမ်းမင်း၏ သားတော် အကြီးဖြစ်ကာ ခမည်းတော်လက်ထက်တွင် အိမ်ရှေ့စံမင်းသားဖြစ်သည်။ ညောင်ရမ်းမင်းသည် သိန္နီကိုတိုက်ပြီးအပြန်တွင် လမ်းခရီး၌ အနိစ္စရောက်ခဲ့သဖြင့် သားတော်အနောက်ဘက်လွန်သည် ညောင်ရမ်းဆက်၏ ဒုတိယမြောက်ဘုရင်ဖြစ်လာခဲ့သည်။ တွင်းသင်းရာဇဝင်အလိုအရ အနောက်ဘက်လွန်မင်းသည် ၁၆၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် နန်းတက်ခဲ့ရာ ထိုအချိန်တွင် သက်တော် ၂၈ နှစ်ဖြစ်သည်။

အနောက်ဘက်လွန်မင်းသည် ၁၆၀၉ ခုနှစ်တွင် တောင်ငူကိုတိုက်ခဲ့ရာ တပ်မှူးသီရိဇေယနော်ရထာကျဆုံး၍ တောင်ငူဘက်မှ ဘယဂါမဏိကျဆုံးခဲ့ပြီးနောက် နှစ်ဘက်စေ့စပ်၍ ၁၆၁၀ ပြည့်နှစ် ဩဂုတ် ၂၄ ရက်တွင် စစ်ပြေငြိမ်းကာ တောင်ငူဘုရင် နတ်ရှင်နောင်ကို ဘုရင်အဖြစ်ဆက်လက်ထားရှိခဲ့သည်။

၁၆၁၂ ခုနှစ် ဇူလိုင်လတွင် သန်လျင်စား ငဇင်ကာသည် တောင်ငူကိုဖျက်ဆီး၍ တောင်ငူဘုရင်ကို သန်လျင်သို့ခေါ်ဆောင်သွားသဖြင့် အနောက်ဘက်လွန်မင်းသည် သန်လျင်သို့စစ်ချီခဲ့သည်။ သန်လျင်ကို အလိုပြည့်ပြီးနောက် ငဇင်ကာကို စစ်မေးရာတွင် တောင်ငူမင်းက ဖိတ်ခေါ်သဖြင့် တောင်ငူကို တိုက်ရကြောင်းသိရလျှင် ငဇင်ကာနှင့်တောင်ငူဘုရင်နတ်ရှင်နောင်တို့ကို ၁၆၁၃ ခုနှစ် မတ် ၂၈ ရက်တွင် ကွပ်မျက်ခဲ့သည်။

စွမ်းရည်ထက်မြက်ကာ ဘုန်းအာဏာကြီးမားပြီး စစ်သူရဲကောင်းများစွာကို ပိုင်ဆိုင်ခဲ့သည့် အနောက်ဘက်လွန်မင်းသည် ၁၆၁၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဇင်းမယ်ကိုအောင်နိုင်ခဲ့သည်။ ၁၆၂၈ ခုနှစ် မေ ၂၉ ရက်တွင် သားတော်မင်းရဲဒိဗ္ဗ လုပ်ကြံသဖြင့် အနိစ္စရောက်ခဲ့ချိန်တွင် သက်တော် ၅၁ နှစ်ဖြစ်သည်။

ညောင်ရမ်းဆက်ဘုရင် အနောက်ဘက်လွန်မင်းသည် စစ်အင်အားကြီးမားကာ တိုက်ပွဲတိုင်းအောင်နိုင်ခဲ့သဖြင့် ခေတ်ပြိုင်ဘုရင်များက လေးစားရသည့် ဘုရင်တစ်ပါးဖြစ်ခဲ့ကာ ကျယ်ဝန်းသောနိုင်ငံတော်ကို ပိုင်ဆိုင်သည့် မင်းတစ်ပါး အဖြစ် သမိုင်းတွင်ခဲ့သည်။

**အနောက်ဘက်လွန်မင်းခေါင်းလောင်း**

အနောက်ဘက်လွန်မင်းသည် မဟာမြတ်မုနိစေတီတော်နှင့် လေးထပ်ကြီးကျောင်းအပါအဝင် သာသနိကအဆောက်အအုံများကို တည်ဆောက်လှူဒါန်းခဲ့သော်လည်း အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည့် ခေါင်းလောင်းကို သွန်းလုပ်လှူဒါန်းမှုသည် များစွာထင်ရှားခြင်းမရှိပေ။

ထိုခေါင်းလောင်းအကြောင်းကို Captain Wroughton က ၁၈၃၇ ခုနှစ်တွင် Journal of Asatic Society of Bengal (JASB) တွင် "Account and Drawing of Two Burmese Bells Now Placed in a Hindu Temple in Upper India" ခေါင်းစဉ်ဖြင့် ခေါင်းလောင်းနောက်ခံသမိုင်းနှင့် ခေါင်းလောင်းစာအကြောင်းကို ပထမဆုံးရေးသားခဲ့သည်။ ၁၈၃၈ ခုနှစ်တွင် ထိုဆောင်းပါးရှင်ကပင် ခေါင်းလောင်းစာများကို အင်္ဂလိပ်ဘာသာသို့အကြမ်းပြန်ဆိုကာ ထိုဂျာနယ်၌ ဖော်ပြခဲ့သည်။

၁၈၈၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ဆာအာသာဖယ်ရာ၏ History of Burma စာအုပ်တွင် အနောက်ဘက်လွန်မင်း ကွယ်လွန်ပြီးနောက် ဟံသာဝတီကိုလာရောက်တိုက်ခိုက်သော ရခိုင်ဘုရင်က ထိုခေါင်းလောင်းကို မြောက်ဦးသို့ ယူဆောင်သွားခဲ့ကြောင်း၊ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲတွင် မြင်းတပ်ဗိုလ်တစ်ဦးက အလီဂဟ်မြို့ရှိ ဟိန္ဒူဘုရားကျောင်းတွင် ချိတ်ဆွဲခဲ့ကြောင်း ဖော်ပြထားသည်။ ထို့အတူ ၁၉၂၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ဂျီအိပ်ချ်ဟာဗေး၏ History of Burma စာအုပ်တွင်ထိုခေါင်းလောင်းပေါ်၌ ရေးထိုးထားသည့်စာသားများကိုအင်္ဂလိပ်ဘာသာသို့ ပြန်ဆိုဖော်ပြခဲ့သည်။

ခေါင်းလောင်းပေါ်တွင် မွန်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ကမ္ပည်းစာများရေးသားထားသည်။ မွန်စာများကို ဒေါက်တာစီအို ဘလက်ဒင်ကလည်းကောင်း၊ မြန်မာစာများကို ဦးဖေမောင်တင်က လည်းကောင်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ သုတေသန စာတမ်းတစ်စောင်ပြုစုကာ ၁၉၂၈ ခုနှစ်က ထုတ်ဝေသည့် မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲ(၁၈) တွင် ဖော်ပြခဲ့သည်။

ခေါင်းလောင်းစာသားများတွင် လည်းကောင်း၊ History of Burma စာအုပ်တွင်ရေးသားထားသည့် ဆာအာသာ ဖယ်ရာ၏ မှတ်ချက်တွင်လည်းကောင်း ထိုခေါင်းလောင်းကို အနောက်ဘက်လွန်မင်း ခေါင်းလောင်းဟု တိုက်ရိုက်ဖော်ပြထားခြင်းမရှိချေ။ ဦးစိန်မောင်ဦးရေးကူးသည့် ခေါင်းလောင်းစာတွင် မုတ္တမမင်းဟု ဖော်ပြထားသည်။ ဆာအာသာဖယ်ရာက မဟာဓမ္မရာဇာကွယ်လွန်ပြီး နှစ်အနည်းငယ်အကြာတွင် ရခိုင်ဘုရင်က ပဲခူးကိုဝင်ရောက်တိုက်ခိုက်စဉ် ယူဆောင်သွားသည့် ခေါင်းလောင်းဟု ဖော်ပြသည်။

ပေ။ သာသနာတော်သက္ကရာဇ် ၁၉၃၃ ခုနှစ်သည် မြန်မာခုနှစ် ၇၃၁ ခုနှစ်ဖြစ် ၍ ထိုခုနှစ် အပိုင်းအခြားသည် အနောက်ဘက်လွန်မင်းနှင့် သက်ဆိုင်သည့် ခေတ်ကာလမဟုတ်ချေ။

ကျောက်စာတွင်ခုနှစ်သက္ကရာဇ်မပါသော်လည်း ဟံသာဝတီ(ပဲခူး)ကို ကေတုမတီ(တောင်ငူ)က လာရောက် စစ်တိုက်ပုံ၊ စစ်ပွဲတွင် မုတ္တမမင်းကို အကူအညီတောင်းသဖြင့် မုတ္တမမင်းက ဟံသာဝတီဘက်မှ စစ်ကူပုံ၊ ကေတုမတီတပ်များ အရေးနိမ့်ပြီးပြေးကြပုံ၊ ဟံသာဝတီမင်းက စစ်ကူပေးခဲ့သည့် မုတ္တမမင်းကို သတ်ရန်ကြံသဖြင့် မုတ္တမမင်းသည် ဟံသာဝတီ၌ သာသနဒ္ဒါယကာဖြစ်ရမည်မှန်လျှင် ရန်သူများကို ချိုးဖဲ့နိုင်ပါစေဟု အဓိဋ္ဌာန်ပြုပုံ၊ ဟံသာဝတီမင်းရှုံးနိမ့်ပြီးနောက် မုတ္တမမင်းသည် ဟံသာဝတီကို သိမ်းယူပုံ၊ မင်းကျင့်တရားဆယ်ပါးနှင့်အညီ မေတ္တာစိတ်ဖြင့် တိုင်းသူပြည်သားများကို အုပ်ချုပ်ပုံ၊ ရှေးမင်းတို့ ကျင့်ထုံးကျင့်နည်းအတိုင်း မမှားမယွင်းစေဘဲ ကာလရှည်စွာ ဟံသာဝတီမြို့ကို စိုးစံတော်မူပုံတို့ကို ရေးထိုးထားသည်။

အဆိုပါခေါင်းလောင်းသည် မြန်မာဘုရင်များ ရေးထိုးလေ့ရှိသည့် အလှူမှတ်တမ်းခေါင်းလောင်း မဟုတ်ပေ။ တိုင်းသူပြည်သားများကို မှန်သောတရားအားဖြင့် ဖြစ်စေလိုသောကြောင့် မတရားစီရင်ဆုံးဖြတ်ခံရမှုများရှိလျှင် မည်သူမဆို လာရောက်တီးခတ်နိုင်ရန် ချိတ်ဆွဲခဲ့သည့် ခေါင်းလောင်းဖြစ်သည်။

ခေါင်းလောင်းစာတွင် ဘုရားသခင်ကိုယ်စားတော် နှလုံးထားပြီးလျှင် တိုင်းသူပြည်သားတို့ကို

**❖ ပြည်ပရောက် မြန်မာခေါင်းလောင်းများအနက် အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ချ်ပြည်နယ် အလီဂဟ်မြို့ (Aligarh) တွင် ယနေ့တိုင်ရှိနေသည့် ခေါင်းလောင်းသည် မြန်မာဘုရင်တစ်ပါး သွန်းလုပ်လှူဒါန်းခဲ့သည့် ခေါင်းလောင်းဖြစ်သည်။ ထိုခေါင်းလောင်းသည် ဇီလ္လာအလီဂဟ်(Zillah Alligarh )မြို့ရှိ နာဒရောဟီဂတ် (Nadrohighat ) ဟိန္ဒူဘုရားကျောင်းတွင်ရှိ၍ ညောင်ရမ်းခေတ် မြန်မာဘုရင်တစ်ပါးဖြစ်သည့် အနောက်ဘက်လွန်မင်း (၁၆၀၆-၁၆၂၈) လှူဒါန်းသည့် ခေါင်းလောင်းဟု သမိုင်းစာတမ်းများတွင် ဖော်ပြသည်။ ❖**

ခေါင်းလောင်းစာတွင် ခေါင်းလောင်းကိုသွန်းလုပ်သည့် ခုနှစ်မပါဘဲ ဖလ္လဂုဏ္ဏသံဝစ္ဆရ နတ်တော်လဆန်း ၁၂ ရက် တနင်္လာနေ့ဟု ပြဆိုထားသည်။ ရှေးသုံးပြက္ခဒိန်ဝေါဟာရ ဖလ္လဂုဏ်သည် မြန်မာခုနှစ်ထဲမှ ၂ ကိုနုတ်သည့် ရလဒ်ကို ၁၂ ဖြင့် စားလျှင် သုညကြွင်းသည့် နှစ်အမည်ဖြစ်သည်။ ထိုအချက်ကို မူတည်လျက် ခေါင်းလောင်းသွန်းသည့် နှစ်ကို ၉၈၄ ခုဟု ယူသော်လည်း ထိုခုနှစ်သည် တွက်ကိန်းအရ ဖလ္လဂုဏ်နှစ်မဟုတ်ချေ။

**အနောက်ဘက်လွန်မင်းခေါင်းလောင်းစာ**

အနောက်ဘက်လွန်မင်း ခေါင်းလောင်းဟု အမည်တပ်ထားသည့် ခေါင်းလောင်းတွင် ရေးထိုးထားသည့် စာများကို မြန်မာနိုင်ငံ လက်ရွေးစင်ရှေးဟောင်းခေါင်းလောင်းစာများစာအုပ်တွင် အပြည့်အစုံဖော်ပြထားသည်။

ခေါင်းလောင်းစာအစပိုင်းတွင် သာသနာတော် ၁၉၃၃ ခုနှစ်တွင် သမ္ဘာနှင့် ပြည့်စုံသည့် မင်းဖြစ်တော်မူသည်ဟု ရေးထိုးထားသော်လည်း မင်းအမည်မပါရှိ

မှန်သောတရားသဖြင့် ဖြစ်စေလိုသည်လည်း တစ်ကြောင်း၊ မကြောက်မရွံ့ရအောင် သတိပေးသည်လည်းတစ်ကြောင်း၊ မှန်သောတရားသဖြင့် ဖြစ်ရအောင် ခေါင်းလောင်းတစ်ခုသွန်းလုပ်ပြီးလျှင် လည်ပေါ်မဏ္ဍပ်မှာ ဆွဲထားမည်။ တိုင်းသူပြည်သားတို့ကို မတရားသော အမှုကိုစီရင်လျှင် ခေါင်းလောင်းကိုတီးရမည်။ ခေါင်းလောင်းသံကို ကြားတော်မူလျှင် မှန်ကန်သောတရားသဖြင့် ဆုံးမပေးတော်မူမည် နှလုံးထားပြီးလျှင် ငွေစင်ချိန် ပိဿာ တစ်ထောင်ထိုက်သည့် ခေါင်းလောင်းတစ်ခုကို သွန်းလုပ်စေသည်ဟု ရေးထိုးထားသည်။

ဖလ္လဂုဏ္ဏသံဝစ္ဆရ နတ်တော်လဆန်း ၁၂ ရက်၊ တနင်္လာနေ့၊ နေတက် ၃ ဘဝါး၊ ၂ ပါဒ်၊ ကြာသပတေးတြင်း၊ ဗုဒ္ဓဟူးနဝင်း ထိုအခါနှိုက် ကေရာဇ်မင်းမြတ်သည် သွန်းလုပ်ထားစေသည့် ခေါင်းလောင်းအချိန် ၈၂၅ ကို လုပ်ပြီးလျှင် လည်ပေါ်မဏ္ဍပ်မှာ ဆွဲထားစေသည်။ ခေါင်းလောင်းသွန်းလုပ်ပြီးလျှင် ဆွဲထားသည့်နေ့မှစ၍ တိုင်းသူပြည်သား

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၇၃၄၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၇၃၄၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၈၅၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နန်းယွန်းမြို့နယ်တွင် ၂၀၃၄ ကေ၊ ဒုံဟီးမြို့တွင် ၃၇၇၅ ကေ၊ ပန်ဆောင်မြို့တွင် ၁၅၃၉ ကေ စုစုပေါင်း ၇၃၄၈ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၇ ဒသမ ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသမှာ စပါး ၂၆၈၅၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

တို့ကို မတရားသည့် အမှုကိုစီရင်လျှင် ခေါင်းလောင်းကိုတီးသည်။ ခေါင်းလောင်းသံကို ကေရာဇ်မင်းမြတ်ကြားတော်မူလျှင် မှန်ကန်သောတရားသဖြင့် ဖြတ်ဆိုဆုံးမစီရင်သည်။ တိုင်းသူပြည်သားတို့လည်း စိတ်နှလုံးတွေ့၍ ရေနှင့်ဆေးဘိသကဲ့သို့ စင်ကြယ်သည်။

ကေရာဇ်မင်းမြတ် သွန်းလုပ်ထားသည့် ခေါင်းလောင်းကို ပျက်စီးယိုယွင်းလျှင် နောင်မင်းကေရာဇ်တို့ သိရိဟံသာဝတီပြည်ကို မင်းပြုလုပ်၍ တိုင်းသူပြည်သားတို့ကို မှန်သောတရားသဖြင့် ရည်စူးထောက်ထား၍ ပြုပြင်ပါ။ ကျွန်ုပ်သည် ခေါင်းလောင်းကို သွန်းလုပ်ထားရသည့် တိုင်းသူပြည်သားတို့ မှန်သောတရားသဖြင့်ဖြစ်သည့်အကျိုးငှာ နောင်နိဗ္ဗာနဒေသသို့ ရောက်ရပါစေသောဝ်။ နိဗ္ဗာန်မရမီအကြားလည်း ဘဝတိုင်း တရားကိုဆုံးမရာသည်၊ မှန်သောတရားသဖြင့် ဆုံးမရပါစေသား။ ရေးသည့် ကုသိုလ်တရားကောင်းမြတ်သည်ကိုပြုရပြီဟု ဆုတောင်းကာ ခေါင်းလောင်းစာကို နိဂုံးချုပ်ထားသည်။

ခေါင်းလောင်းစာတွင် ရေးထိုးသူမင်းကေရာဇ် ဘွဲ့အမည်နှင့်ရေးထိုးသည့် ခုနှစ်မပါရှိသော်လည်း ပညာရှင်များက ဓညောင်ရမ်းခေတ်ဘုရင်အနောက်ဘက်လွန်မင်းခေါင်းလောင်းဟု ယူဆကြသည်။

ခေါင်းလောင်းမူလရှိခဲ့သည့် နေရာသည် ဟံသာဝတီမြို့တော်၊ ကမ္ဘောဇသာဒီနန်းတော်ဟု လက်ရွေးစင် ရှေးဟောင်းခေါင်းလောင်းစာများစာအုပ်တွင် ဖော်ပြထားသည်။ မြန်မာဘုရင်တစ်ပါး၏ ပြည်သူလူထုအပေါ်ထားရှိသည့် မေတ္တာစေတနာမှတ်တမ်းစာသည် သမိုင်းမှတ်တမ်းအမွေအနှစ်တစ်ခုအဖြစ် ကမ္ဘည်းတင်ခဲ့ပေသည်။

**ကိုးကား**

- **တွင်းသင်းမဟာရာဇဝင်သစ်၊ တတိယတွဲ (ဦးထွန်းညို)**
- **မြန်မာနိုင်ငံ လက်ရွေးစင် ရှေးဟောင်း ခေါင်းလောင်းစာများ (ဦးစိန်မောင်ဦး)**

## ညီကြတော့ မြန်မာတွေ

\- ညီကြတော့ မြန်မာတွေ၊
မညီလျှင် အလိုလွဲ
ပြိုကွဲတတ်ပေ၊
ပြည်ထောင်စု မြန်မာပြည်
ဌာနေဟာ တို့မြေအစစ်၊
ထာဝစဉ် ဘဝင်စွဲ
ရင်ထဲကချစ်။

\- ညီကြတော့ မြန်မာတွေ၊
မညီလျှင် ဘယ်လောက်မှန်းမှန်း
နောက်တန်းကျနေ၊
မြန်မာရဲ့ သားကောင်းပေ
အားမောင်းထွေထွေ ဝန်းရံဆင့်၊
မြန်မာပြည် ဘုံနန်းကို
ဂုဏ်လွှမ်းလို့ မြှင့်။

\- ညီကြတော့ မြန်မာတွေ၊
ညီညာလျှင် မြန်မာဘုန်းက
ကမ္ဘာလုံးတုန်စေ၊
ညီညွတ်ခြင်း အားအင်ပေ
ကြွားလွင့်မလေ မြန်မာမျိုး၊
မြန်မာတွေ ညီသမျှဖြင့်
ကမ္ဘာမြေ မမီရအောင်
အိုကွယ်...
ပြည်လှဖွံ့ဖြိုး။ ။

လွမ်းလေးကို(သရက်)

## မိုင်းရှူးမြို့နယ် လွိုင်တန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာအုပ်စု လွိုင်တန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က လွိုင်တန့်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# နိုင်ငံတကာရေလက်ကြားများ၌ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့် ကာကွယ်ရေးကြေညာချက်ကို ကမ္ဘာ့နိုင်ငံ ၆၀ ကျော်တို့ ထောက်ခံ

**ဘရပ်ဆဲလ် အောက်တိုဘာ ၁၃**

နိုင်ငံတကာ ရေလက်ကြားများ၌ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ကို ထိန်းသိမ်းကာကွယ်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုထားသော နိုင်ငံတကာ ကြေညာချက်တစ်ရပ်ကို ကမ္ဘာ့နိုင်ငံ ၆၀ ကျော်တို့က ထောက်ခံထားကြောင်း အောက်တိုဘာ ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နိုင်ငံတကာ ရေလက်ကြားများ၌ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ကိုထိန်းသိမ်းရေးအတွက် ကာကွယ်ရေး သဘောသက်ဆိုင်သည့် လုပ်ငန်းအစီအမံများကို မိမိတို့ ထောက်ခံကြောင်း နိုင်ငံတကာကြေညာချက်တွင် ဖော်ပြထားသည်။

ပါရှန် ပင်လယ်ကွေ့ဒေသ ဟော်မုဇ်ရေလက်ကြားနှင့် ပင်လယ်နီဒေသ ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားတို့ကို ထိန်းချုပ်ရန် အီရန်နိုင်ငံနှင့် ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင် အဖွဲ့တို့က ကြိုးပမ်းနေချိန်တွင် အဆိုပါ ကြေညာချက် ပေါ်ထွက်လာခြင်း ဖြစ်သည်။

ထိုကြေညာချက်ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ ဂျပန်၊ ဗြိတိန်အပါအဝင် ကမ္ဘာ့နိုင်ငံ ၆၀ ကျော်တို့က ထောက်ခံထားကြောင်းသိရသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန် စစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက် အီရန်နိုင်ငံသည် ဟော်မုဇ် ရေလက်ကြားကို ထိန်းချုပ်ရန် ကြိုးစားခဲ့ပြီး ရေလက်ကြားဖြတ်သန်းခ ကောက်ခံရန်လည်း ကြံရွယ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ယခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ သုံးရာခိုင်နှုန်းအထက်ရှိနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) ခန့်မှန်း




**ဗန်ကောက် အောက်တိုဘာ ၁၃**

လူ့ညဏ်ရည်တု နည်းပညာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာမှုကြောင့် ယခုနှစ်အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း (ဂျီဒီပီ) သုံးရာခိုင်နှုန်းအထက် ရှိနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) က ယနေ့တွင် ခန့်မှန်းခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ကာလရှည်လျားသည့် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက်ထိ မြင့်တက်လာသည့်တိုင် အေအိုင်နည်းပညာ ကဏ္ဍရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာမှုကြောင့် ၂၀၂၆ ခုနှစ်၏ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းထိ ရှိနိုင်ကြောင်း အိုင်အမ်အက်ဖ်၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ယခုနှစ်အတွင်း အေအိုင်နည်းပညာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာမှုသည် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကြောင့် ပေါ်ထွက်လာသည့် စွမ်းအင် အကျပ်အတည်း၏ ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချနိုင်ခဲ့ကြောင်း အိုင်အမ်အက်ဖ်က သုံးသပ်ထားသည်။

အိုင်အမ်အက်ဖ်နှင့် ကမ္ဘာ့ဘဏ် နှစ်စဉ်အစည်းအဝေးများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ကျင်းပနေချိန်တွင် အိုင်အမ်အက်ဖ်က ယခုနှစ်၏ ကမ္ဘာ့စီးပွားရေးမျှော်မှန်းချက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ခိုင်ဘာပခ္ခွတ်ရှ်တွန်ခွာပြည်နယ်မှ ပီတီအိုင်ပါတီ ထိပ်တန်းခေါင်းဆောင်များကို ပါကစ္စတန်ဖမ်းဆီး



**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၃**

ဝန်ကြီးချုပ်ဟောင်း အိမရန်းခန်၏ ပါကစ္စတန် တီရစ်အီး အင်းဆက်ဖ်ပါတီ(ပီတီအိုင်) မှ ထိပ်တန်း နိုင်ငံရေးခေါင်းဆောင်များကို ခိုင်ဘာပခ္ခွတ်ရှ်တွန်ခွာပြည်နယ်၌ ပါကစ္စတန်အာဏာပိုင်များက အောက်တိုဘာ ၁၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခိုင်ဘာပခ္ခွတ်ရှ် တွန်ခွာပြည်နယ်အတွက် ထုတ်ပြန်ထားသည့် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်အရ ပြည်နယ်အစိုးရအဖွဲ့ကို တာဝန်မှ ရပ်ဆိုင်းပြီးနောက် ပါကစ္စတန် တီရစ်အီးအင်းဆက်ဖ်ပါတီ(ပီတီအိုင်)၏ ပြည်နယ်နိုင်ငံရေး ခေါင်းဆောင်များကို ပါကစ္စတန် အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်သမ္မတ အဆစ်ဖ် အလီဇာဒါရီသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော ပါကစ္စတန် ပြည်နယ်တစ်ခုဖြစ်သည့် ခိုင်ဘာပခ္ခွတ်ရှ်တွန်ခွာပြည်နယ်အတွက် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်ကို အောက်တိုဘာ ၁၁ ရက်တွင် ကြေညာခဲ့ပြီး ပီတီအိုင်ပါတီဦးဆောင်သော ခိုင်ဘာပခ္ခွတ်ရှ်တွန်ခွာပြည်နယ် အစိုးရအဖွဲ့ကိုလည်း တာဝန်မှရပ်ဆိုင်းခဲ့သည်။

ပီတီအိုင်ပါတီ ဦးဆောင်သော ခိုင်ဘာပခ္ခွတ်ရှ်တွန်ခွာ ပြည်နယ်အစိုးရသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ရည်ရွယ်ချက်ရှိရှိ ခေါင်းရှောင်နေသည်ဟု ပါကစ္စတန်ဖက်ဒရယ်အစိုးရက စွပ်စွဲပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# လာမည့် ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲများအတွက် အမေရိကန်ဒေါ်လာ ၃၆၆ သန်း အီလွန်မက်စ် သုံးစွဲထား

**ဝါရှင်တန် အောက်တိုဘာ ၁၃**

ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ် အီလွန်မက်စ်သည် ယခုနှစ် အမေရိကန်အစိုးရ နှစ်လယ်ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲ ရာသီအတွက် အမေရိကန်ဒေါ်လာ ၃၆၆ သန်းထိ သုံးစွဲထားကြောင်း အောက်တိုဘာ ၁၂ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီလွန်မက်စ်သည် အဆိုပါ ငွေကြေးပမာဏများအနက် အမေရိကန်ဒေါ်လာ ၂၇၆ သန်းကို ကွန်ဂရက်လွှတ်တော် ဆက်လက်ထိန်းချုပ်နိုင်ရေးအတွက် ရီပတ်ဘလီကန်ပါတီကို ကူညီရာတွင် သုံးစွဲခဲ့ခြင်းဖြစ်သည်။

အမေရိကန် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲအတွက် သုံးစွဲခဲ့သည့် ငွေကြေးပမာဏအရ အီလွန်မက်စ်သည် ယခုနှစ်ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲ၏ အကြီးမားဆုံး နိုင်ငံရေးအလှူရှင် အဖြစ်ရပ်တည်နေကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စပေ့စ်အိတ်စ် ကုမ္ပဏီအကြီးအကဲ အီလွန်မက်စ်သည် အမေရိကန်အောက်လွှတ်တော်မှ ဒီမိုကရက်တစ် လွှတ်တော်အမတ်များနှင့် အဆင်မပြေနေမှုများရှိနေသူဖြစ်ပြီး အီလွန်မက်စ်ရယူထားသည့် အစိုးရကန်ထရိုက် စာချုပ်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အောက်လွှတ်တော် ဒီမိုကရက်တစ် လွှတ်တော်အမတ်များက တောင်းဆိုထားသည်။

အီလွန်မက်စ်သည် ၂၀၂၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲကာလတွင်လည်း ရီပတ်ဘလီကန်ပါတီကို ထောက်ခံခဲ့ပြီး နိုင်ငံရေး ရန်ပုံငွေအဖြစ် အမေရိကန် ဒေါ်လာသန်း ၂၉၀ ထိ သုံးစွဲခဲ့သည်။

ယခုနှစ် အစိုးရသက်တမ်း နှစ်လယ် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများကို လာမည့် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကင်းခါလစ် နိုင်ငံတကာလေဆိပ်ကို အောက်တိုဘာ ၁၇ ရက်ထိ ဆော်ဒီအာရေဗျ တာဝန်ရှိသူများ ပိတ်ထားမည်

**ရီယာ့ဒ် အောက်တိုဘာ ၁၃**

ရီယာ့ဒ်မြို့ ကင်းခါလစ်နိုင်ငံတကာလေဆိပ်ကို အောက်တိုဘာ ၁၇ ရက်ထိ ဆက်လက်ပိတ်ထားရန် စီစဉ်ထားကြောင်း ဆော်ဒီအာရေဗျအစိုးရ အရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့က အောက်တိုဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့၏ အကြိမ်ကြိမ် တိုက်ခိုက်မှုများကြောင့် ရီယာ့ဒ်မြို့ ကင်းခါလစ် နိုင်ငံတကာလေဆိပ်ကို အောက်တိုဘာ ၁၇ ရက်ထိ ဆက်လက်ပိတ်ထားရန် စီစဉ်ထားခြင်းဖြစ်သည်။



ကင်းခါလစ် နိုင်ငံတကာလေဆိပ်သည် ဂျက်ဒါးလေဆိပ်ပြီးလျှင် ဆော်ဒီအာရေဗျနိုင်ငံ၏ ဒုတိယမြောက် အလုပ်အများဆုံး လေဆိပ်ဖြစ်သည်။

ဟူသီ လက်နက်ကိုင်အဖွဲ့၏ အောက်တိုဘာ ၁၀ ရက်တိုက်ခိုက်မှုကြောင့် လူ ၁၃ ဦးသေဆုံး၍ ဦးရေ ၃၀၀ ကျော် ဒဏ်ရာရခဲ့ပြီးနောက် ဆော်ဒီအာရေဗျတာဝန်ရှိသူများသည် ကင်းခါလစ်နိုင်ငံတကာလေဆိပ် လုပ်ငန်းလည်ပတ်မှုများကို စတင်ရပ်ဆိုင်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# FAST ရေဒီယိုတယ်လီစကုပ်တွေ့ရှိထားသည့် နျူထရွန်ကြယ်တစ်စင်းက သုံးစင်းတွဲ ကြယ်စနစ်တစ်ခု၏ အစိတ်အပိုင်းဖြစ်



**ပေကျင်း အောက်တိုဘာ ၁၃**

အချင်းမီတာ ၅၀၀ ရှိ FAST ရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားသည့် နျူထရွန်ကြယ်တစ်စင်းသည် ဆင့်ကဲပြောင်းလဲနေဆဲဖြစ်သော သုံးစင်းတွဲကြယ်စနစ်တစ်ခု၏ အစိတ်အပိုင်းဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း အောက်တိုဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ နျူထရွန်ကြယ်ကို FAST ရေဒီယိုတယ်လီစကုပ်က ၂၀၂၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

တရုတ်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဆိုပါ နျူထရွန်ကြယ်ကို အဖြူရောင် ကြယ်သိမ်တစ်စင်းနှင့် ဆင့်ကဲပြောင်းလဲနေဆဲဖြစ်သော နေနှင့်အလားတူ ကြယ်တစ်စင်းတို့က လှည့်ပတ်နေကြောင်း သိရသည်။

အဆိုပါ သုံးစင်းတွဲကြယ်စနစ်အတွင်းရှိ အရွယ်အစားအကြီးဆုံးကြယ်မှာ စူပါနိုဗာပေါက်ကွဲမှုဖြင့် သက်တမ်းကုန်ချိန်တွင် FAST ရေဒီယိုတယ်လီစကုပ်က တွေ့ရှိခဲ့သည့် နျူထရွန်ကြယ်ဖြစ်လာခဲ့ကြောင်း သိရသည်။

၎င်းကြယ်စနစ်အတွင်းရှိ ဒုတိယအကြီးမားဆုံးကြယ်မှာ ဆင့်ကဲဖြစ်စဉ်အပြီးသတ်ချိန်တွင် အဖြူရောင် ကြယ်သိမ်တစ်စင်းအဖြစ်သို့ ပြောင်းလဲသွားကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှာဖွေထောက်လှမ်းနိုင်စွမ်း အလွန်တရာ မြင့်မားသော FAST ရေဒီယို တယ်လီစကုပ်သည် လက်ရှိအချိန်ထိ ပါလ်ဆာ(Pulsar) ခေါ် နျူထရွန်ကြယ်များကို အစင်းပေါင်း ၁၀၀၀၀ ကျော် ရှာဖွေပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# Retatrutide ထိုးဆေးသစ်က ကိုယ်အလေးချိန်ကို လေးပုံတစ်ပုံ လျှော့ချနိုင်

**လန်ဒန် အောက်တိုဘာ ၁၃**

ကိုယ်အလေးချိန်လျှော့ချရေး Retatrutide ထိုးဆေးသည် သုံးစွဲသူများ၏ ကိုယ်အလေးချိန်ကို လေးပုံတစ်ပုံထိ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသန ပညာရှင်များ၏ အဆိုအရ Retatrutide အမည်ရှိ အဆိုပါ ထိုးဆေးသစ်သည် ပုံစံ-၂ ဆီးချိုရောဂါရှိနေသည့် အဝလွန်သူများအတွက် အကောင်းဆုံး ကုထုံးဖြစ်လာနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Retatrutide ထိုးဆေးသည် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နေဆဲအဆင့်တွင်သာ ရှိသော်လည်း ကိုယ်အလေးချိန် လျှော့ချရေး၊ နှလုံးရောဂါနှင့် သွေးလေးဖက်နာရောဂါတို့ကို ကာကွယ်ရေးအတွက် အလားအလာကောင်းသည့် ဆေးဝါးသစ်ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များ ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Retatrutide ဆေးကို ဆေးချိန်အဆ အမြင့်ဆုံးသုံးစွဲသူ သုံးပုံတစ်ပုံနီးပါးတို့တွင် ဆေးသုံးစွဲမှုကာလ ၁၈ လတာကာလအတွင်း ကိုယ်အလေးချိန် လေးပုံတစ်ပုံထိ ကျဆင်းသွားကြောင်း သိရသည်။

Retatrutide ထိုးဆေးသည် ခန္ဓာကိုယ်၏ အဆီဓာတ်လောင်ကျွမ်းချေဖျက်မှုကို ကူညီရေးအတွက် အစာစားလိုစိတ်ကို ထိန်းချုပ်ပေးသည့် Glp-1 ဟော်မုန်းအပါအဝင် ဟော်မုန်းသုံးမျိုးကို ပစ်မှတ်ထားသည့် ဆေးဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

# ထူးဆန်းသော X-ray ရောင်ခြည်ပေါက်ကွဲမှုက နျူထရွန်ကြယ်နှစ်စင်းဝင်တိုက်မှုဖြစ်စဉ်မှ ပေါ်ထွက်လာခြင်းဖြစ်နိုင်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

ထူးဆန်းသော X-ray ရောင်ခြည်ပေါက်ကွဲမှုတစ်ခုသည် နျူထရွန်ကြယ်နှစ်စင်း ဝင်တိုက်မှုဖြစ်စဉ်မှ ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Ep 250704 a အမည်ရှိ အဆိုပါ X-ray ရောင်ခြည် ပေါက်ကွဲမှုကို ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဥရောပ အာကာသအေဂျင်စီနှင့် တရုတ် အာကာသအေဂျင်စီတို့၏ အိုင်းစတိုင်း အာကာသယာဉ်က ထောက်လှမ်းတွေ့ရှိခဲ့သည်။

စက္ကန့်ဝက်မျှ ကြာမြင့်ခဲ့သော ဂမ်မာရောင်ခြည်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ဆက်လက်ပေါ်ထွက်လာသည့် Ep 250704 a X-ray ရောင်ခြည်ပေါက်ကွဲမှုမှာ ၁၀ မိနစ်ထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။



ဥရောပတောင်ပိုင်း နက္ခတ္တရူပဗေဒလေ့လာရေးစခန်း သိပ္ပံပညာရှင်များ၏ နောက်ဆက်တွဲ လေ့လာမှုများအရ Ep 250704 a X-ray ရောင်ခြည်ပေါက်ကွဲမှုသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ခြောက်ဘီလီယံအကွာတွင် ဖြစ်ပွားခဲ့သော နျူထရွန်ကြယ်နှစ်စင်းပေါက်ကွဲမှုမှ ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။

ဥရောပတောင်ပိုင်း နက္ခတ္တရူပဗေဒလေ့လာရေးစခန်းမှ သိပ္ပံပညာရှင်များသည် အဆိုပါ X-ray ရောင်ခြည်ပေါက်ကွဲမှုကို ဗွီအယ်တီရေဒီယိုတယ်လီစကုပ် အပါအဝင် မြေပြင်အခြေစိုက်ရေဒီယိုတယ်လီစကုပ်များဖြင့် ဆက်လက်လေ့လာခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ကီတိုဓာတ်စာစားသုံးခြင်းဖြင့် အသည်း၌ အဆီစုစည်းမှုကို ထိရောက်စွာလျှော့ချနိုင်

**နယူးယောက် အောက်တိုဘာ ၁၃**

ကီတိုဓာတ်စာ စားသုံးခြင်းဖြင့် အသည်းအတွင်း၌ အဆီဓာတ်များ စုစည်းမှုကို သိသိသာသာ လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အဝလွန်နေပြီး သွေးအတွင်း သကြားဓာတ်လွန်ကဲမှု ပြဿနာ၊အသည်းအဆီဖုံးပြဿနာများရှိနေသည့် လူနာ ၅၅ ဦးတို့ကို အုပ်စုသုံးခုခွဲ၍ တစ်စုကို မြေထဲပင်လယ်ဓာတ်စာ၊ တစ်စုကို အပင်အခြေခံဓာတ်စာနှင့် တစ်စုကို ကီတိုဓာတ်စာ (keto Diet)ခေါ် ဓာတ်စာတစ်မျိုး ကျွေးမွေး၍ စောင့်ကြည့်လေ့လာခဲ့ကြသည်။

စမ်းသပ်မှုစတင်ပြီး ငါးလအကြာတွင် ကီတိုဓာတ်စာစားသုံးသည့်အုပ်စု၌ ပါဝင်သူများ၌ အသည်းအတွင်း အဆီစုစည်းမှု ကျဆင်းသည့်နှုန်းမှာ ၆၇ ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက မြေထဲပင်လယ်ဓာတ်စာနှင့် အပင်အခြေခံဓာတ်စာများ စားသုံးသည့်အစုတွင် ပါဝင်သူများ၌ အသည်းအတွင်း အဆီစုစည်းမှု ကျဆင်းသည့်နှုန်းမှာ ၄၅ ရာခိုင်နှုန်းထိသာရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကီတိုဓာတ်စာသည် ကာဘိုဟိုက်ဒရိတ်ပါဝင်မှုကို ကန့်သတ်ထားပြီး အသား၊ ဥနှင့် ဒိန်ခဲတို့ အဓိကပါဝင်သော ဓာတ်စာပုံစံတစ်မျိုးဖြစ်သည်။

Ref : Sputnik News
Trs : KKO



# လွန်ခဲ့သောနှစ်ပေါင်း ၁၆၅ သန်းခန့်က ယနေ့ခေတ် တရုတ်နိုင်ငံနေရာ၌ ဖျံတစ်ကောင်ကဲ့သို့ အမဲလိုက်တတ်သည့် အမွေးထူသတ္တဝါမျိုး ရှင်သန်ကျက်စားခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၃**

လွန်ခဲ့သောနှစ်ပေါင်း ၁၆၅ သန်းခန့်က ယနေ့ခေတ် တရုတ်နိုင်ငံနေရာ၌ ဖျံတစ်ကောင်ကဲ့သို့ အမဲလိုက်တတ်သည့် အမွေးထူသတ္တဝါမျိုး ရှင်သန်ကျက်စားခဲ့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ သတ္တဝါများသည် မြစ်များ၊ ရေကန်များအတွင်း ငါးများနှင့် ရေပုတ်သင်ကောင်များကို ဖမ်းဆီးစားသောက်လေ့ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Megacauda Sungei ဟူ၍ အမည်ပေးထားသည့် အဆိုပါ သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ မွန်ဂိုလီးယားဒေသ၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ၎င်းသတ္တဝါများသည် ဘဲတူဖျံတူများကဲ့သို့ ရေကူးတတ်ပြီး ဖျံများကဲ့သို့ အမဲလိုက်နိုင်စွမ်း ရှိကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Megacauda Sungei ကျောက်ဖြစ်ရုပ်ကြွင်းကို လေ့လာခြင်းဖြင့် ကုန်းရေနေထွေ ရှင်သန်ကျက်စားတတ်သော နို့တိုက်သတ္တဝါများ၏ ဆင့်ကဲဖြစ်စဉ်သမိုင်းကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Megacauda Sungei သတ္တဝါများသည် ဂျူရက်ဆစ်ဘူမိဗေဒခေတ်အတွင်း ဒိုင်နိုဆော သတ္တဝါများနှင့်အတူ ရှင်သန်ခဲ့ကြသည့် သက်ရှိများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

## မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ဂလက်ဆီ အက်ဖ်စီအသင်းက သစ္စာအားမာန်အသင်းကို အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ဂလက်ဆီအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ဂလက်ဆီအက်ဖ်စီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် လေးမိနစ်တွင် စိုင်းမင်းအောင်က ဂလက်ဆီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၂၁မိနစ်တွင် စောအောင်မျိုးစေးက သစ္စာအားမာန်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့ပြီးနောက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဂလက်ဆီအက်ဖ်စီအသင်းက ပိုမိုဖိအားပေးကစားခဲ့ကာ ပွဲချိန် ၅၁ မိနစ်နှင့် ၅၅ မိနစ်တို့တွင် အောင်မြတ်သာက ဂလက်ဆီအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများ သွင်းယူခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် စောအောင်မျိုးစေးက သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် သစ္စာအားမာန်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးရန် ကြိုးပမ်းခဲ့သော်လည်း ဂလက်ဆီအက်ဖ်စီ အသင်းက အနိုင်ရလဒ်ကို အကောင်းဆုံး ထိန်းချုပ်ကစားခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဂလက်ဆီအက်ဖ်စီ အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## LFCအဖွဲ့ချုပ်က LFC1 ပြိုင်ပွဲတွင်ကစားမည့် မြန်မာလက်ဝှေ့သမားများကို စတင်မိတ်ဆက်

ရန်ကုန် အောက်တိုဘာ ၁၃

LFC အဖွဲ့ချုပ်က ပထမဆုံးအကြိမ် စတင်ကျင်းပမည့် LFC1 ပြိုင်ပွဲတွင် ပါဝင်ကစားမည့် မြန်မာလက်ဝှေ့သမားများကို ယနေ့တွင် စတင် မိတ်ဆက်ခဲ့ကြောင်း သိရသည်။

LFC အဖွဲ့ချုပ်က မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ပြန်လည်ဦးမော့လာနိုင်စေရန်အတွက် LFC အမည်ဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ကမ္ဘာ့အဆင့်အတန်းနှင့်အညီ ကျင်းပရန်စီစဉ်ခဲ့ပြီး မြန်မာ့ရိုးရာ ထိပ်တန်းလက်ဝှေ့သမားအများအပြားစုကိုလည်း ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ကာ ပထမဆုံးအကြိမ်အဖြစ် LFC1 ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။



LFC အဖွဲ့ချုပ်က ပထမဆုံးအကြိမ်ကျင်းပမည့် LFC1 ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် LFC အဖွဲ့ချုပ်က LFC1 ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန် ပြည်တွင်းလက်ဝှေ့သမားများအဖြစ် ရွှေရာမာန်၊ ထွန်းမင်းနိုင်၊ သွေးလင်းထက်၊ အဲမို၊ စောမျိုးသူရဟိန်း၊ စိုးမိုးဇော်၊ ရဲလင်းဦး၊ အမျိုးသမီး လက်ဝှေ့သမားများအဖြစ် နော်ဥမ္မာစိုး၊ ကျားခင်ရွှေ၊ မေသဇင်ထူးတို့ကို စာချုပ်ချုပ်ဆိုထားခြင်းဖြစ်သည်။

ထို့ပြင် ပြည်ပလက်ဝှေ့သမားများအဖြစ် ထိုင်းနိုင်ငံမှ Y2K၊ ဆာရီဆန်၊ ဆန်ယောင်း၊ ဂရိနိုင်ငံမှ ဖာနီ၊ ဆီဖက်စတာ၊ ဗြိတိန်မှ အက်ဂျ်ဖီးတို့ကိုလည်း စာချုပ်ချုပ်ဆိုထားပြီး နောက်ထပ် ပြည်တွင်း၊ ပြည်ပ လက်ဝှေ့သမားများ ကိုလည်း ထပ်မံစာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။ STA

## ရှန်ဟိုင်းမာစတာအမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကို ဇီရက်ဗ် တက်ရောက်



ပေကျင်း အောက်တိုဘာ ၁၃

တရုတ်နိုင်ငံတွင် ကျင်းပနေသည့် ရှန်ဟိုင်းမာစတာအမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်နှင့် ကာဇက်စတန် တင်းနစ်ကစားသမား ဘူဘလစ်တို့ ကစားခဲ့ရာ ဇီရက်ဗ်က အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမပွဲငယ်တွင် ဇီရက်ဗ်က (၇-၆)ရလဒ်ဖြင့်အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဘူဘလစ်က (၆-၄)ရလဒ်ဖြင့် အနိုင်ရခဲ့သည့်အတွက် နောက်ဆုံးအဆုံးအဖြတ်ပွဲငယ် ဆက်လက်ကစားခဲ့ရခြင်းဖြစ်သည်။

နောက်ဆုံးအဆုံးအဖြတ်အဖြစ် တတိယပွဲငယ်တွင်လည်း အကြိတ်အနယ်ရှိခဲ့ကာ ဇီရက်ဗ်က (၇-၆) ရလဒ်ဖြင့် အနိုင်ရပြီးနောက် ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဇီရက်ဗ်သည် ရှန်ဟိုင်းမာစတာအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲမစတင်မီကတည်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၁) သတ်မှတ်ခံထားရသူဖြစ်ပြီး ပြိုင်ပွဲတွင်လည်းရလဒ်ကောင်းများယူခဲ့ကာ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၅ ရက်တွင် ပြင်သစ်တင်းနစ်ကစားသမားဒီမီနောနှင့် ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။ Ref : AGTP Tennis

Trs : STA

## အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးနံပါတ်သတ်မှတ်ချက်တွင် မြန်မာအသင်း မဲအိုးနံပါတ်(၄)၌ ကျရောက်

ရန်ကုန် အောက်တိုဘာ ၁၃

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးနံပါတ်သတ်မှတ်ချက်များကို ယနေ့တွင် ထုတ်ပြန်ခဲ့ရာ မြန်မာအသင်း မဲအိုးနံပါတ်(၄)၌ ကျရောက်နေကြောင်း သိရသည်။

မြန်မာအသင်းသည် အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အုပ်စုပွဲစဉ်များတွင် ဂူအမ်အသင်းကို ကိုးဂိုး ဂိုးမရှိ၊ ဟောင်ကောင်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အသီးသီးအနိုင်ရပြီး အုပ်စုပထမနေရာတွင် ရပ်တည်ခဲ့သည့်အတွက် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲကို အိမ်ရှင်တရုတ်အသင်းနှင့်အတူ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်၌ မဲအိုးနံပါတ်(၁)တွင် အိမ်ရှင် တရုတ်အသင်း၊ ဂျပန်အသင်း၊ မြောက်ကိုရီးယားအသင်း၊ မဲအိုးနံပါတ်(၂)တွင် ဩစတြေးလျအသင်း၊ တောင်ကိုရီးယားအသင်း၊ ဖိလစ်ပိုင်အသင်း၊ မဲအိုးနံပါတ်(၃)တွင် ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ အိန္ဒိယအသင်း၊ မဲအိုးနံပါတ်(၄)တွင် အင်ဒိုနီးရှားအသင်း၊ တရုတ်(တိုင်ပေ)အသင်း၊ မြန်မာအသင်းတို့ပါဝင်ခဲ့ကြသည်။

အာရှယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲကို လာမည့် ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည့် အသင်းလေးသင်းသည် ၂၀၂၆ ယူ-၁၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကိုဝင်ခွင့်ရရှိမည်ဖြစ်သည်။

အာရှယူ-၁၇ အမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် မဲခွဲမှုကို လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

STA

## အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒို ပရော်ဖက်ရှင်နယ်သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားဖြစ်လာရန် နီးစပ်လာ

ရီယာဒ် အောက်တိုဘာ ၁၃

အယ်လ်နာဆာ အသင်းတိုက်စစ်မှူး စီရော်နယ်ဒိုသည် ဘောလုံးလောကတွင် ပရော်ဖက်ရှင်နယ်သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားဖြစ်လာရန် နီးစပ်လာခဲ့ကြောင်း TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ယနေ့နံနက်ပိုင်းကစားခဲ့သည့် အာရှချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အယ်လ်နာဆာအသင်းက ဖာဂိုနာအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ပွဲချိန် ၄၂ မိနစ်တွင် သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် သွင်းဂိုး



၉၈၁ ဂိုး ထိရှိလာခဲ့ကာ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် နီးစပ်လာခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက အယ်လ်နာဆာအသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၃၀ သွင်းယူခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်းပြီးခဲ့သည့်ဘောလုံးရာသီက သွင်းဂိုးနှုန်းအတိုင်း သွင်းယူနိုင်မည် ဆိုပါက ရာသီမကုန်ဆုံးမီ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်မည် ဖြစ်သည်။

စီရော်နယ်ဒိုသည် ယခုနှစ် ဘောလုံးရာသီတွင် အယ်လ်နာဆာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ခုနစ်ပွဲကစားပြီးချိန် သွင်းဂိုး လေးဂိုးသွင်းယူထားပြီး အသင်းနှင့်နောက်ဆုံးကစားခဲ့သည့် နှစ်ပွဲဆက် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒို ကိုယ်တိုင်က အစောပိုင်းကတည်းက ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အနားမယူမီ သွင်းဂိုး ၁၀၀၀ပြည့်မြောက်သည့်ကစားသမားအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းသွားမည်ဟုပြောကြားခဲ့ပြီး ယခုအခါ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် သွင်းဂိုး ၁၉ ဂိုးသာ လိုအပ်နေကြောင်း သိရသည်။ Ref : TNT Football

Trs : STA

# အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းပြီး မီးခိုးငွေ့များကြောင့် လေကြောင်းခရီးစဉ်တချို့ ယာယီဆိုင်းငံ့ထား



**ဂျကာတာ အောက်တိုဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ကာလီမင်တန်ဒေသနှင့် ပါလန်ဂါရာယာဒေသတို့တွင် တောမီးလောင်ကျွမ်းပြီး မီးခိုးငွေ့များကြောင့် လေကြောင်းခရီးစဉ်တချို့ ယာယီဆိုင်းငံ့ထားကြောင်း အင်ဒိုနီးရှားလေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယာယီဆိုင်းငံ့ထားရသည့် လေကြောင်းခရီးစဉ်များကို ပြန်လည် ပြေးဆွဲနိုင်ရေးအတွက် လေကြောင်းခရီးစဉ် ထွက်ခွာချိန်ပြန်လည် စီစဉ်ပေးနေကြောင်း၊ ကောင်းကင်တွင် မီးခိုးငွေ့များ ပျံ့နှံ့မှုကြောင့် မြင်ကွင်းမရှင်း၍ လေကြောင်းခရီးစဉ် ဖြတ်သန်းမောင်းနှင်ရန် အခက်အခဲရှိနိုင်သည့်အတွက် လေကြောင်းခရီးစဉ်တချို့ကို ဆိုင်းငံ့ခဲ့ရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားလေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မီးခိုးငွေ့တွေ ပါးသွားပြီးတော့ မြင်ကွင်းရှင်းရင်ရှင်းသလို ခရီးစဉ်တွေကို ပြန်လည်ပြေးဆွဲခွင့်ပြုသွားမှာဖြစ်ပါတယ်" ဟု သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လက်မန်းက ပြောကြားခဲ့သည်။

ခရီးသွားပြည်သူများ ခရီးစဉ်နှောင့်နှေးကြန့်ကြာသွားခဲ့ရခြင်းထက်ခရီးသည်များဘေးကင်းရေးမှာ ပိုမို၍အရေးကြီးသည့်အတွက် လေကြောင်း ခရီးစဉ်တချို့ ယာယီဆိုင်းငံ့ခဲ့ရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဆူဒန်နိုင်ငံတွင် မိုးခေါင်ရေရှားမှု ဖြစ်ပေါ်နေပြီး စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရသည့်လူဦးရေ မြင့်တက်လာ

**ရောမ အောက်တိုဘာ ၁၃**

ဆူဒန်နိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုဖြစ်ပေါ်နေပြီး စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရသည့် လူဦးရေမြင့်တက်လာကြောင်း အီတလီနိုင်ငံ ရောမမြို့တွင် အခြေစိုက်သည့် စားနပ်ရိက္ခာဖူလုံမှု အဆင့်အတန်းသတ်မှတ်ရေးအဖွဲ့အစည်း (IPC) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှု မြင့်တက်လာခဲ့ပြီးနောက် စားနပ်ရိက္ခာလုံခြုံမှုကို တိုက်ရိုက် ထိခိုက်လာခဲ့ခြင်းဖြစ်ကြောင်း၊ စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရသူ အမြောက်အမြားရှိလာခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့်လည်း စားနပ်ရိက္ခာထောက်ပံ့ပေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ သို့သော်လည်း လုံလောက်စွာထောက်ပံ့ပေးနိုင်ခြင်း မရှိသည့်အတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အကူအညီများ လိုအပ်နေကြောင်း စားနပ်ရိက္ခာဖူလုံမှုအဆင့်အတန်းသတ်မှတ်ရေး အဖွဲ့အစည်း (IPC) က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"အယ်လ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် ဆူဒန်နိုင်ငံရဲ့ လူဦးရေထက်ဝက်ခန့်ဟာ စားနပ်ရိက္ခာမလုံလောက်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ ဦးဆောင်မှုနဲ့ လိုအပ်တဲ့ စားနပ်ရိက္ခာထောက်ပံ့ပေးမှုတွေ ပြုလုပ်နေပါတယ်။ ဒါပေမဲ့လဲ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး စားနပ်ရိက္ခာမလုံလောက်မှုနဲ့ ရင်ဆိုင်နေရသူတွေက သန်းနဲ့ချီပြီးရှိနေပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေလဲ လိုအပ်နေတဲ့အတွက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းအနေနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စားနပ်ရိက္ခာဖူလုံမှု အဆင့်အတန်းသတ်မှတ်ရေးအဖွဲ့အစည်း (IPC) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံ ကန်လာအွန်မီးတောင်ပေါက်ကွဲမှုမှ ထွက်လာသော ပြာမှုန်များကြောင့် လူဦးရေ ၉၄၀၀၀ ခန့် လေထုညစ်ညမ်းမှုနှင့်ရင်ဆိုင်နေရ

**မနီလာ အောက်တိုဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ကန်လာအွန်မီးတောင်ပေါက်ကွဲမှုမှထွက်လာသော ပြာမှုန်များကြောင့် လူဦးရေ ၉၄၀၀၀ ခန့် လေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်နေရကြောင်း နိုင်ငံ၏ အရပ်ဘက်ကာကွယ်ရေးရုံး (OCD) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

နီဂရို့စ်ကျွန်းပေါ်ရှိ ကန်လာအွန်မီးတောင်တွင် ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ဝမှပြာမှုန်များသည် ငါးကီလိုမီတာမှ ခြောက်ကီလိုမီတာထိ ပျံ့နှံ့ခဲ့ကြောင်း OCD ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒဌာန၏ အဆိုအရ အောက်တိုဘာ ၁၁ ရက်မှ ယနေ့ထိ ကန်လာအွန်မီးတောင်ပေါက်ကွဲမှု ၁၅ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ကန်လာအွန်မီးတောင်ကို မီးတောင်သတိပေးချက်အဆင့် (၂) သတ်မှတ်ထားပြီး မီးတောင်သည်ထပ်မံပေါက်ကွဲနိုင်ခြေရှိကြောင်း သတိပေးထားသည်။



မီးတောင်ထပ်မံပေါက်ကွဲပါက အနီးဝန်းကျင်ရှိ ဒေသခံများသည် မီးတောင်ပြာများ ကျရောက်ခြင်း၊ မီးတောင်ခေတ်ငွေ့များ ထွက်ပေါ်ခြင်း၊ အပူချိန်မြင့်မားသော ချော်ရည်များအရှိန်ပြင်းစွာ ကျဆင်းခြင်း၊ မီးတောင်မှ ကျောက်တုံးအပိုင်းအစများ လွင့်စဉ်ကျရောက်ခြင်းတို့ကြောင့် မီးတောင်ပတ်လည် လေးကီလိုမီတာအန္တရာယ်ဇုန်အတွင်းသို့ ဝင်ရောက်ခြင်း မပြုကြရန် တားမြစ်ထားပြီး အန္တရာယ်ဇုန်အတွင်း နေထိုင်သောပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ထိုင်းနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၇၁ ဦးထိ မြင့်တက်လာပြီး အိမ်ထောင်စု ၉၀၈၀၀၀ ခန့် ရေဘေးသင့်နေ

**ဗန်ကောက် အောက်တိုဘာ ၁၃**

ထိုင်းနိုင်ငံတွင် စက်တင်ဘာလကစတင်ပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၇၁ ဦးထိ မြင့်တက်လာကာ အိမ်ထောင်စု ၉၀၈၀၀၀ ခန့် ရေဘေးသင့်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ယနေ့သတင်းများအရ သိရသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၅၁ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး အောက်တိုဘာ ၁၂ ရက်ထိ ဗန်ကောက်မြို့အပါအဝင် ပြည်နယ် ၂၁ ခုတွင် ရေလွှမ်းမိုးမှု ဆက်လက် ဖြစ်ပေါ်နေကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် လူနေအိမ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ထိခိုက်လျက်ရှိပြီး ထိခိုက်မှုများပြားသည့်ဒေသများတွင် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ကယ်ဆယ်ရေးအဖွဲ့များနှင့် အာဏာပိုင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုဆက်လက်ဖြစ်ပေါ်နေပြီး မြစ်ရေမြင့်တက်မှုတို့ကြောင့် ရေလွှမ်းမိုးမှုများ ထပ်မံဖြစ်ပွားနိုင်သည့်အတွက် ရေဘေးအန္တရာယ်သတိပေးချက်များကို မိုးလေဝသဌာနက အချိန်မီထုတ်ပြန်ခြင်း၊ သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် အရေးပေါ်အကူအညီများ ပေးအပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဖလော်ရီဒါပြည်နယ်တွင် အိုင်ဆေးယက်စ်ဟာရီကိန်းမုန်တိုင်းတိုက်ခတ်သဖြင့် လူနေအိမ်နှင့်အခြေခံအဆောက်အအုံအများအပြား ပျက်စီးခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် အိုင်ဆေးယက်စ်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်သဖြင့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံ အများအပြား ပျက်စီးခဲ့ကြောင်း ဖလော်ရီဒါပြည်နယ်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အိုင်ဆေးယက်စ်ဟာရီကိန်းမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်တောင်ဘက်ပိုင်း ဒက်စတင်းဒေသအနီးတွင် ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး ပျက်စီးခဲ့သော လူနေအိမ်နှင့်အဆောက်အအုံအများစုမှာ အိမ်ခေါင်မိုးများ ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ လူနေအိမ်နှင့် အခြေခံအဆောက်အအုံပေါင်း ၁၄၉၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်။

"အိုင်ဆေးယက်စ်ဟာရီကိန်းမုန်တိုင်းဟာ ဖလော်ရီဒါပြည်နယ်တောင်ဘက်ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းအားကောင်းခဲ့ပြီးတော့ မုန်တိုင်းကြောင့် လူနေအိမ်နဲ့အခြေခံအဆောက်အအုံ အများအပြားပျက်စီးခဲ့ပါတယ်။ အများစုကတော့ အိမ်ခေါင်မိုးတွေပျက်စီးခဲ့ပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေနဲ့လဲ ရင်ဆိုင်ခဲ့ရပါတယ်။ ပျက်စီးခဲ့တဲ့ လူနေအိမ်အများစုကတော့ ဒက်စတင်းဒေသက ဖြစ်ပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေအနေနဲ့ ပျက်စီးခဲ့တဲ့ လူနေအိမ်တွေက ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပါတယ်"ဟု ဖလော်ရီဒါပြည်နယ်ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# NCA စာချုပ်မှသည် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့

မျက်မှောက်ကာလမှာ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အဖြစ်ချင်ဆုံးလိုအင်ဆန္ဒဟာ လွတ်လပ်ရေးနှင့်အတူပေါက်ဖွားလာခဲ့တဲ့ နှစ်ပေါင်း ၇ဝ ကျော်ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိလိုခြင်းဘဲဖြစ်ပါတယ်။

**NCA စာချုပ်ဟာ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ်သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တံခါးဝဖြစ်လို့ NCA တံခါးမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းကို သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။**

နိုင်ငံတော်ရဲ့ပကတိလိုအပ်ချက်အရလည်း ထာဝရငြိမ်းချမ်းရေးရရှိမှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့်တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိမှလည်း လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ကို အောင်မြင်စွာလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်လည်း အစိုးရအနေနဲ့ နိုင်ငံတော်နှင့်ပြည်သူလူထုတစ်ရပ်လုံးအတွက် ထာဝရငြိမ်းချမ်းရေးရရှိအောင် မဖြစ်မနေ၊ မဆုတ်မနစ် ကြိုးစားလုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အလိုအပ်ဆုံးနဲ့ မဖြစ်မနေစတင်လျှောက်လှမ်းရမဲ့ ခြေလှမ်းကတော့ "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA)" လက်မှတ်ရေးထိုးပြီး နိုင်ငံရေးရည်မှန်းချက်တွေကို အချိန်တိုတိုအတွင်း မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရေးဖြစ်ပါတယ်။

NCA စာချုပ်ဟာ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ်သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တံခါးဝဖြစ်လို့ NCA တံခါးမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းကို သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။

**NCA စာချုပ်ရဲ့အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကိုအခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ NCA ရဲ့အနှစ်သာရတွေကိုသိရှိနားလည်ပြီး မိမိတို့ရဲ့အတ္တ၊ မာန်မာနတွေကိုလျှော့ချကာ နိုင်ငံတော်နှင့် ပြည်သူလူထုရဲ့ပကတိလိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အသိတရားရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါတယ်။**

NCA စာချုပ်ရဲ့အနှစ်သာရဟာ ဒို့တာဝန်အရေး သုံးပါးကိုဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကိုအခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး မိမိတို့ရဲ့ အတ္တ၊ မာန်မာနတွေကိုလျှော့ချကာ နိုင်ငံတော်နှင့် ပြည်သူလူထုရဲ့ပကတိ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အသိတရားရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါတယ်။

NCA စာချုပ်ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သက်သက်မဟုတ်ဘဲ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ငြိမ်အေးချမ်းစွာနဲ့ အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ရဲ့ သဘောတူညီမှုဖြင့် ဆောင်ရွက်ခဲ့တဲ့ အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။

NCA စာချုပ်ကို တစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့တည်းက ရေးဆွဲထားခြင်းမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ လိုလားချက်များနဲ့ အဆိုပြုချက်များကို မူတည်ပြီး နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းသဘောတူလက်မှတ်ရေးထိုးခဲ့ကြတဲ့ သမိုင်းဝင်စာချုပ်တစ်ခုဖြစ်ပါတယ်။

NCA စာချုပ်ဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်လိုက်ရင် ဒီစာချုပ်ရဲ့အရေးပါမှု၊ ဂုဏ်သိက္ခာနှင့်တန်ဖိုးကို ပိုမိုမြင်တွေ့ရမှာဖြစ်ပါတယ်။ ပထမဒီမိုကရေစီအစိုးရလက်ထက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိရန်ရည်ရွယ်ပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်ရာကနေ စတင်ခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်နေပြီဖြစ်တဲ့ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်စေရေး ထိရောက်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့များကိုဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ဒီမိုကရေစီအစိုးရရဲ့ ဖိတ်ခေါ်ချက်အရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဟာ သက်ဆိုင်ရာ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြပါတယ်။ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများမှာ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ၂၀၁၄ ခုနှစ်အတွင်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ၁၆ ဖွဲ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ညှိနှိုင်းရေးအဖွဲ့ (NCCT)၊ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)များဖွဲ့စည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (UPWC)နဲ့ စတင်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းမှာ NCA သဘောတူစာချုပ်(မူကြမ်း)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ မှ ခေါင်းဆောင်များနဲ့ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ သမိုင်းဝင် NCA စာချုပ်လက်မှတ်ရေးထိုးပွဲကို ခမ်းနားထည်ဝါစွာ ပြုလုပ်နိုင်ခဲ့ပါတယ်။

**လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့တဲ့ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခများဟာ မတူညီတဲ့နိုင်ငံရေးရည်မှန်းချက်၊ ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်၊ ကိုယ်ကျိုးစီးပွားနဲ့နွယ်တဲ့ ပုဂ္ဂိုလ်ရေးအတ္တဆန်မှုများကြောင့် သက်ဆိုးရှည်နေရခြင်းဖြစ်ပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ တိုင်းရင်းသားအရေး အကြောင်းပြချက်နဲ့ လက်နက်ကိုင်ဆွဲပြီး နယ်မြေထိန်းချုပ်မှုများပြုလုပ်နိုင်ရေး လိုအပ်တဲ့ဘဏ္ဍာငွေကြေးရရှိဖို့အတွက် မူးယစ်ဆေးဝါးကုန်သွယ်မှုအပါအဝင် တရားမဝင်စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံပိုင်သယံဇာတခိုးယူမှုများ၊ Online လောင်းကစားလိမ်လည်မှုများနဲ့ နယ်စပ်ဖြတ်ကျော်လက်နက်မှောင်ခိုကုန်သွယ်မှုများဟာ အစိုးရရဲ့အုပ်ချုပ်မှုယန္တရားနဲ့လက်လှမ်းမမီတဲ့ တိုင်းရင်းသားနယ်မြေများမှာ ကြီးထွားအမြစ်တွယ်နေတာ ပကတိအရှိတရားဖြစ်ပါတယ်။**

စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှအဆက်

လက်မှတ်ရေးထိုးပွဲမှာတော့ အစိုးရကိုယ်စား နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်တဲ့ တပ်မတော်ခေါင်းဆောင်များအပါအဝင် အစိုးရ ကိုယ်စားလှယ် ကိုးဦး၊ တိုင်းရင်းသားလက်နက်ကိုင်

**လက်ရှိအစိုးရဟာ ရွေးကောက်ခံအစိုးရဖြစ်သလို တပ်မတော်နဲ့တစ်သားတည်းဖြစ်လို့ အစိုးရ၊ တပ်မတော်၊ ပြည်သူစည်းလုံးညီညွတ်စွာဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးလိုလားနေတဲ့ "စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး"ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်ကို ညင်သာစွာ ကူးပြောင်းရရှိအောင် လုပ်ဆောင်နေချိန်ဖြစ်ပါတယ်။**

အဖွဲ့အစည်း ရှစ်ဖွဲ့မှ တစ်ဖွဲ့လျှင် သုံးဦးစီဖြင့် ၂၄ ဦး၊ ပြည်တွင်းအသိသက်သေ ၂၁ ဦး၊ နိုင်ငံတကာ အသိသက်သေများဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ ဥရောပသမဂ္ဂနဲ့ ကုလသမဂ္ဂတို့မှကိုယ်စားလှယ်များ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၂၀၁၈ ခုနှစ်မှာ တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့ ထပ်မံရေးထိုးထားတဲ့အတွက် စုစုပေါင်းအဖွဲ့ ၁၀ ဖွဲ့ လက်မှတ်ရေးထိုးထားတဲ့ စာချုပ်ဖြစ်ပါတယ်။

NCA စာချုပ်မှာ အခန်းခုနစ်ခန်းပါဝင်ပြီး အပိုဒ်ပေါင်း ၃၃ ပိုဒ်၊ အပိုဒ်ခွဲ ၈၆ ခုနှင့် ပြဋ္ဌာန်းချက် စုစုပေါင်း ၁၀၄ ချက်ပါရှိပါတယ်။ NCA စာချုပ်ထဲမှာ အခြေခံမူများ၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ခိုင်မာအောင် လုပ်ဆောင်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် အထွေထွေအကြောင်းအရာများပါရှိပါတယ်။

အရေးကြီးဆုံးသော NCA ၏ အခြေခံမူမှာ အာမခံချက်များ အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်သွားဖို့နဲ့ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းကာ နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ဖို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်ဖြစ်ပါတယ်။

ရည်ရွယ်ချက်ကောင်းမွန်ပြီး အနှစ်သာရပြည့်ဝတဲ့ NCA စာချုပ်ရဲ့ ထူးခြားချက်က NCA စာချုပ်ထဲမှာ ရေးသားထားတဲ့ အချက်အလက်များဟာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလက ကချင်ပြည်နယ် လိုင်ဇာမှာ ပြုလုပ်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ညီလာခံနဲ့ ၂၀၁၅ ခုနှစ် ဇွန်လက ပြုလုပ်ခဲ့တဲ့ ကရင်ပြည်နယ်၊ လော်ခီးလာညီလာခံမှတစ်ဆင့် ထွက်ပေါ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့လိုလားချက်၊ ကနဦးအဆိုပြုချက်များအပေါ် အစိုးရနဲ့တပ်မတော်က မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ မရှိဖူးတဲ့လိုက်လျောမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့ ငြိမ်းချမ်းရေးကိုလိုလားတဲ့စိတ်ဆန္ဒနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ရင်းနှီးနွေးထွေးစွာနဲ့အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် NCA စာချုပ်ဟာ အလွယ်တကူရရှိခဲ့ခြင်းမဟုတ်ဘဲ ပထမဒီမိုကရေစီအစိုးရလက်ထက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲစတင် ဖိတ်ခေါ်ခဲ့တဲ့ရက်ကစပြီး NCA စာချုပ်လက်မှတ်ရေးထိုးချိန်ထိ ရက်ပေါင်း ၁၄၅၀ ရက်ကြာမြင့်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း ၅၀၀၀ ကျော်ထိ ပြုလုပ်ခဲ့ကြပါတယ်။

NCA စာချုပ်ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ နိုင်ငံတော်အစိုးရတို့ကြားမှာ အာမခံချက်ပေးထားတဲ့ ကတိကဝတ်နဲ့ သဘောတူညီချက်ဖြစ်တာနဲ့အညီ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားတဲ့ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ပျက်ပြယ်မှုမရှိတဲ့ သမိုင်းဝင်စာချုပ်ဖြစ်တာကြောင့် နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က ထာဝရငြိမ်းချမ်းရေးရရှိရန် NCA စာချုပ်ပါ သဘောတူညီများအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်လျက်ရှိနေပါတယ်။

လက်ရှိရွေးကောက်ခံအစိုးရဖြစ်တဲ့ တတိယ ဒီမိုကရေစီအစိုးရလက်ထက်မှာတော့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (NSP-CC) ဟာ ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်ထားကာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရန် NCA လမ်းကြောင်းအတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားတဲ့ ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ကြေညာချက်အမှတ် ၁/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှာ ကမ်းလှမ်းဖိတ်ခေါ်ထားရှိပါတယ်။

တတိယဒီမိုကရေစီအစိုးရသစ်ရဲ့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းမှုအပြီးမှာ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) ဟာ အစိုးရရဲ့ငြိမ်းချမ်းရေးမူဝါဒများနဲ့အညီ NCA လက်မှတ်ရေးထိုးထားသော EAO များ၊ NCA လက်မှတ်ရေးထိုးပြီး NCA မှ သွေဖည်သွားသော EAO များ၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ EAO များ၊ အခြားငြိမ်းချမ်းရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၊ လက်နက်ကိုင်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ သံတမန်များနဲ့ စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။ ဒီလိုဆွေးနွေးမှုများမှာ အဓိကအားဖြင့် Bilateral ဆွေးနွေးမှုများဖြင့် စတင်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အခြေပြုကာ နားလည်မှု၊ ယုံကြည်မှုတည်ဆောက်ခြင်းကို ဆောင်ရွက်နေတာဖြစ်ပါတယ်။

ရွေးကောက်ခံအစိုးရသစ်လက်ထက်မှာ ၂၀၂၄ ခုနှစ် ဧပြီလ ၁၁ ရက်နေ့ကနေ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ထိ ခြောက်လတာကာလအတွင်း NSPNC အနေဖြင့် NCA လက်မှတ်ရေးထိုးထားတဲ့ EAO အဖွဲ့ ခုနစ်ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှု ၃၃ ကြိမ်၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ EAO အဖွဲ့ ငါးဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှု ရှစ်ကြိမ်၊ ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း ခြောက်ဖွဲ့နဲ့ဆွေးနွေးမှု ခုနစ်ကြိမ် စုစုပေါင်း အဖွဲ့ ၁၈ ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှု ၂၈ ကြိမ်ရှိနေပြီဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ဆွေးနွေးညှိနှိုင်းမှုများရရှိနေပြီး အပြန်အလှန်လေးစားယုံကြည်မှုနဲ့ တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိနေပါတယ်။

အဲဒီဆွေးနွေးပွဲများမှာ အဓိကဆွေးနွေးခဲ့တဲ့ အကြောင်းအရာများကတော့ အပြန်အလှန်နားလည်မှုနဲ့ ယုံကြည်မှုတည်ဆောက်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးရလဒ်များနှင့် အမြန်ဆုံးတည်ဆောက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းရေး၊ Online လိမ်လည်မှုတိုက်ဖျက်ရေး၊ အကြမ်းဖက်အဖွဲ့များ နယ်မြေအတွင်းမရှိစေရေးနဲ့ လိုအပ်တဲ့ဒေသများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးအပ်နိုင်ရေးတို့အပြင် NCA လမ်းကြောင်းမှ ထွက်ခွာသွားတဲ့ EAO များ NCA လုပ်ငန်းစဉ်များမှာ ပြန်လည်ပါဝင်လာနိုင်စေရေးတို့ကို လွတ်လပ်ပွင့်လင်းစွာဖြင့် ရင်းရင်းနှီးနှီးဆွေးနွေးလျက်ရှိပါတယ်။

ဒါ့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပြည်သူလူထုရဲ့ ယုံကြည်မှုရရှိရေးဟာ လုပ်ငန်းစဉ်ကြီး အောင်မြင်စေရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်တာကြောင့် ပြည်သူကိုဗဟိုပြုတဲ့ချဉ်းကပ်မှုနဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေ၊ ငြိမ်းချမ်းရေးရဲ့အကျိုးကျေးဇူးများ ပြည်သူတွေ အမြန်ဆုံးခံစားရရှိစေဖို့ကိုလည်း ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။

**လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့တဲ့ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခများဟာ မတူညီတဲ့နိုင်ငံရေး ရည်မှန်းချက်၊ ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်၊ ကိုယ်ကျိုးစီးပွားနဲ့နွယ်တဲ့ ပုဂ္ဂိုလ်ရေးအတ္တဆန်မှုများကြောင့် သက်ဆိုးရှည်နေရခြင်းဖြစ်ပါတယ်။** ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ တိုင်းရင်းသားအရေးအကြောင်းပြချက်နဲ့ လက်နက်ကိုင်ဆွဲပြီး နယ်မြေထိန်းချုပ်မှုများပြုလုပ်နိုင်ရေး လိုအပ်တဲ့ဘဏ္ဍာငွေကြေးရရှိဖို့အတွက် မူးယစ်ဆေးဝါးကုန်သွယ်မှုအပါအဝင် တရားမဝင်စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံပိုင်သယံဇာတခိုးယူမှုများ၊ Online လောင်းကစားလိမ်လည်မှုများနဲ့ နယ်စပ်ဖြတ်ကျော်လက်နက်မှောင်ခိုကုန်သွယ်မှုများဟာ အစိုးရရဲ့အုပ်ချုပ်မှုယန္တရားနဲ့လက်လှမ်းမမီတဲ့ တိုင်းရင်းသားနယ်မြေများမှာ ကြီးထွားအမြစ်တွယ်နေတာ ပကတိအရှိတရားဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာနဲ့ ဖြစ်သင့်တာထက်ကျော်လွန်ပြီး ကိုယ်ဖြစ်ချင်တာတွေကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ တောင်းဆိုနေခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် လက်ခံလို့မရနိုင်တာကြောင့် မိမိတို့ရဲ့လိုလားချက်များကို လက်နက်စွဲကိုင် တောင်းဆိုခြင်းအစား နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေးခြင်းလမ်းကြောင်းကိုသာ လျှောက်လှမ်းကြစေချင်ပါတယ်။

လက်ရှိအစိုးရဟာ ရွေးကောက်ခံအစိုးရဖြစ်သလို တပ်မတော်နဲ့တစ်သားတည်းဖြစ်လို့ အစိုးရ၊ တပ်မတော်၊ ပြည်သူစည်းလုံးညီညွတ်စွာဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးလိုလားနေတဲ့ "စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး"ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်ကို ညင်သာစွာ ကူးပြောင်းရရှိအောင် လုပ်ဆောင်နေချိန်ဖြစ်ပါတယ်။

ဒါကြောင့်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ဆုံးရှုံးနစ်နာနေရတဲ့ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝများ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ရေး အသိတရားရှိရှိနဲ့

**ဒါကြောင့်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ဆုံးရှုံးနစ်နာနေရတဲ့ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝများ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုများရပ်စဲနိုင်ရေး အသိတရားရှိရှိနဲ့သတိတရားရရှိပြီး ထာဝရငြိမ်းချမ်းရေးရဲ့တံခါးဝ NCA လမ်းကြောင်းကိုလျှောက်လှမ်းကြပါရန် အချိန်အခါကောင်းရောက်ရှိနေပြီဖြစ်ပါကြောင်း အသိပေးလိုပါတယ်။**

**သတိတရားရရှိပြီး ထာဝရငြိမ်းချမ်းရေးရဲ့ တံခါးဝ NCA လမ်းကြောင်းကို လျှောက်လှမ်းကြပါရန် အချိန်အခါကောင်း ရောက်ရှိနေပြီဖြစ်ပါကြောင်း အသိပေးလိုပါတယ်။**

NCA လမ်းကြောင်းပေါ်က EAO များ၊ လမ်းကြောင်းပေါ်ရောက်ပြီး သွေဖည်သွားတဲ့ EAO များ၊ လမ်းကြောင်းပေါ် လျှောက်လှမ်းရန် တုံ့ဆိုင်းနေတဲ့ EAO များအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် အမှန်တကယ်လိုလားတဲ့ ဆန္ဒ၊ သဘောထားကြီးစွာနဲ့ ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှုနဲ့ ဘေးပယောဂများကို ကြံ့ကြံ့ခံပြီး ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးကာ သတ္တိရှိရှိ ဆုံးဖြတ်ပြီး NCA စာချုပ်မှသည် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို အမြန်ဆုံးရောက်ရှိအောင် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

**မင်းခန့်**

# President of the Republic of the Union of Myanmar U Min Aung Hlaing meets region, district and township level officials, local elders, MSME entrepreneurs from Tanintharyi Region, discusses regional development




**President U Min Aung Hlaing meets region, district and township level officials, local elders, and MSME entrepreneurs from Tanintharyi Region.**

**Nay Pyi Taw October 13**

President of the Republic of the Union of Myanmar U Min Aung Hlaing met region, district and township level officials, local elders, MSME entrepreneurs from Tanintharyi Region at Pale Ekari Hall in Dawei this morning and discussed regional development.

Also present on the occasion were union ministers, who accompanied the President, the Tanintharyi Region chief minister, the speaker of Tanintharyi Region Hluttaw, the Coastal Region Command commander, officials of the Region government, local elders, MSME entrepreneurs, and local people.

**Facts of the Region and requirements presented**

Region Chief Minister U Zaw Naing Oo presented a report on land use, rainfall, agricultural activities, food sufficiency, and beans and pulses output, progress in realizing the guidance given by the Head of State during his visit, oil palm cultivation and yield and research farms for increasing yield, raw cooking production, finished oil mill construction to ensure local sufficiency, income from oil palm cultivation, rubber, coffee, cocoa cultivation and production, production and export of livestock and fisheries, building of prawn breeding camps, pearl and oyster farming and production, annual bird nest production from homes and tax revenues from the business, FY year wise implementation of projects, efforts to improve health, education and social sectors in the Region, ongoing solar power generation activities, efforts to produce personal goods from rubber, floods triggered by a natural disaster in the Region and rehabilitation activities, healthcare undertakings for flood victims, and progress in carrying out rescue and rehabilitation in the areas hit by flood and landslides.

Then local elders and MSME entrepreneurs reported on reduction of ticket prices of airlines flying to the Region to help increase the number of visitors to the Region and for their convenience, and development of socioeconomic lives of the locals. They said all the locals are thankful to the President for his initiatives to upgrade Myoma sports ground in Myeik, extend and upgrade the Myeik airport, and to upgrade the Myeik people's hospital to a 300-bed facility during his visit to Myeik in 2025. They also reported on extension of healthcare undertakings by health staff in cooperation with local people in Myeik, contacts with foreign markets to send value-added aqua products by cargo planes after the completion of the airport upgrading project, assistance for establishing necessary contacts for wider distribution of bird nest products in the markets on MSMEs, State's initiatives to get finical capital for erecting factories that can produce value-added goods including rubber gloves by using local raw materials, requirement of financial capital to buy machinery to manufacture social goods domestically for local demand, implementation of undertakings to develop marine products manufacturing in the Region, to generate job opportunities, and for the convenience of families of the basic aquatic workers in accord with the guidance, policies and directives of the State, the requirement of State's support, implementation of oil palm cultivation projects, continuous efforts to ensure domestic oil sufficiency, and other regional requirements.

**Sector-wise discussions by Union Ministers**



**President U Min Aung Hlaing tours exhibition booths showcasing products from MSMEs in Tanintharyi Region.**

In responding to the presentations, the attending Union Ministers provided sector-specific clarifications, explaining that domestic airlines currently operate routes to Tanintharyi Region, with airfare rates determined by calculations based on passenger load factors and operational flight costs, while ongoing management efforts aim to ensure reasonable ticket pricing. They noted that Dawei is currently served by seven flights per week, and that airport upgrading and runway extension works are being actively implemented in accordance with the guidance of the Head of State, which is expected to further facilitate and boost tourism and freight transport. They also highlighted the ongoing implementation of the Dawei Deep Seaport and Special Economic Zone projects along with the resulting regional development opportunities, as well as plans to maintain and enhance transport connectivity, freight trade flow, and tourism development within the region. Furthermore, regarding edible bird's nest production originating from Tanintharyi Region, they emphasized the necessity of establishing systematic production methods, as well as the need to liaise with relevant ministries in accordance with policy guidelines to expand market access and secure credit financing. Regarding land use within the region, they discussed the necessity of systematically and productively utilizing land in accordance with the permitted categories of business. They also highlighted the potential to effectively extract and utilize the region's abundant energy resources, specifically petroleum and natural gas, for regional and national development. Furthermore, they outlined ongoing efforts to secure market access for local products by hosting MSME trade fairs, the provision of necessary support under established rules and regulations for constructing factories capable of producing high-value rubber products, and the state government's active leadership and encouragement in driving the growth and development of MSME enterprises.

**The Necessity of National Political Developments and Educational Reforms**

Thereafter, in delivering discussions regarding regional development, the President stated that this visit marked his first arrival in Tanintharyi Region since assuming the office of the President, undertaken to provide necessary support for regional development. He noted that Tanintharyi Region receives favorable annual rainfall and possesses rich soil, land, and natural resource endowments, on which development plans must be formulated and implemented to enhance the socio-economic lives of local residents based on these baseline assets.

He further observed that despite the region's strong natural and material foundations,

*See Page 13*


President U Min Aung Hlaing presents gift to a patient.

*From Page 12*

political incitement and instigation have led to security vulnerabilities and unrest in certain areas, thereby imposing limitations on executing development activities. He emphasized that the inability of some individuals to weigh good against bad or cause against effect, resulting in their gullibility toward the rhetoric of destructive media, individuals, and organizations who exploit political ends to the detriment of regional and national progress, is a direct consequence of historical deficiencies in education.

The President stated that only when the level of education of individual citizens' advances can their knowledge, mindset, conviction, and discipline improve leading to sound and rational critical thinking. He observed that while political disagreements often lead to protests in some countries around the world, demonstrators there refrain from damaging vital interests and essential infrastructure, such as education, healthcare, and the economy that could harm the nation's future. He emphasized that only an educated populace can yield quality human resources capable of discerning right from wrong and cause from effect to better serve regional and national interests; thus, educational reforms must be carried out without fail.

He noted that successive governments in the country have adopted various political systems since independence, each era bringing its own strengths as well as weaknesses. In 2010, the Tatmadaw facilitated the nation's transition onto the path of multi-party democracy in accordance with the public desire, giving rise to a new democratic government in 2011. Subsequently, during the second democratic government's tenure, unacceptable electoral fraud occurred in the 2020 multi-party general election, and as responsible officials at the time failed to resolve the issue, the Tatmadaw had to assume state responsibilities in accordance with the 2008 Constitution. During that period, political disagreements escalated into riots, acts of violence, and armed terrorism supported by ethnic armed organizations, leading to widespread sabotage that devastated the country. While assuming state duties, the Tatmadaw successfully navigated and overcame various crises and hardships—including political conflicts, political and economic sanctions, terrorist acts by armed groups, and devastation caused by the COVID-19 pandemic and natural disasters—through the concerted efforts of all available forces, conscientious citizens, and loyal civil servants.

At present, the Parliament and Government, formed through a free and fair general election, are discharging their duties in the country, with the current administration pursuing two priority goals: achieving national peace and stability, and fostering state development.

### Development of production based on agriculture and livestock farming

There are numerous opportunities and resources available for promoting business development in Taninthayi Region. Perennial crops such as oil palm, rubber and durian can be successfully cultivated in the region. Therefore, agricultural research should be conducted continuously to further increase cultivation and production. Similarly, expanding cocoa cultivation alongside perennial crops that thrive in the region would further contribute to the socioeconomic development of local communities. Regarding livestock farming, producing sufficient livestock products to meet local demand would help reduce the high prices of meat and fish. Producing animal feed from locally grown agricultural products and using it for livestock farming would bring considerable benefits to the region. Therefore, the regional government should take the lead in implementing such initiatives. Efforts should also be made to promote socioeconomic development by maintaining a balance between local production and consumption. As Myanmar is a country primarily engaged in agriculture and livestock farming, the industrial, agricultural and livestock high schools are being opened to provide education and training in these fields, strengthen technical knowledge and skills, and develop qualified specialists and professionals. The development of a country or region is measured by its GDP. Therefore, collective efforts should be made to increase agricultural and livestock production in order to boost the GDP of Taninthayi Region.

### Boosting tourism industry in the region

Efforts are underway to upgrade Dawei Airport and its runway to promote business activities and tourism industry in Taninthayi Region. The upgrades are being carried out in anticipation of increased passenger traffic and aircraft arrivals and departures following the implementation of the Dawei Deep-Sea Port projects. The Government is making efforts to implement the Dawei Deep-Sea Port projects, which are expected to create more job opportunities in the region. In addition, work is underway to construct a new Ye-Dawei dual railway line along the coastline. Once completed, the railway line is expected to increase passenger travel and freight transportation.

In order to promote tourism, all local residents should work together to preserve and enhance the region's naturally beautiful beaches, archipelagos, tourism resources and tourist destinations, while maintaining the area's beauty, orderliness and cleanliness. If individuals, families, wards, villages and towns maintain discipline and order, comply with traffic rules and regulations, and abide by the laws and regulations in force, their respective localities and towns will remain beautiful and well-maintained.

Furthermore, it is necessary not only to systematically preserve the traditional cultural identity, attire and musical instruments of the Dawei people, which have existed since ancient times, but also to revive and showcase them. Town elders and relevant officials should take the lead in ensuring that people across the country and local communities themselves cherish, value and preserve the culture of the nation and their respective regions. Preserving and upholding national cultural identities across generations will further strengthen patriotism and national pride. Therefore, it is urged that everyone, with the spirit of "We are all Myanmar," preserve and pass on national dignity and pride from generation to generation through love for the country and patriotic spirit.

Taninthayi Region has abundant potential, opportunities and resources for economic development. Therefore, efforts should be made to promote regional development by ensuring stability and peace in the region and engaging in genuine, productive work. Modern technologies should also be applied to increase local production and collectively promote regional development. As the development of each region can contribute to the growth of the national economy, everyone is urged to work together to achieve these goals, he said.

The President then toured the exhibition booths showcasing products from micro, small and medium-sized enterprises (MSMEs) in Taninthayi Region, taking an interest in each booth. He also asked follow-up questions and held discussions with the officials in charge to obtain further information on their presentations.

In the morning, the President and his entourage went to the local military hospital in Dawei where he gave words of encouragement to military personnel and Myanmar Police Force members individually, cordially greeted them and presented cash assistance and foodstuffs. Those military personnel and MPF members are receiving treatment at the hospital for their injuries which were sustained in discharging defence and security duties for the State.

It is reported that the President then inquired about the hospital's needs and provided the necessary assistance, as well as presenting cash awards to hospital staff. MNA


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice-President U Nyo Saw attends 2026 International Day for Disaster Risk Reduction Ceremony and delivers address



Vice-President U Nyo Saw delivers an address and presented awards to the winners at the 2026 International Day for Disaster Risk Reduction Ceremony.

**Nay Pyi Taw October 13**

The ceremony marking the 2026 International Day for Disaster Risk Reduction was held this morning at the Jade Hall of the Myanmar International Convention Centre (MICC-I) in Nay Pyi Taw, attended by Vice-President U Nyo Saw, who delivered an address.

Union ministers, Union-level officials, the Nay Pyi Taw Council chairperson, deputy ministers, senior military officers, departmental officials, award recipients and invited guests also attended the ceremony.

First, staff members of the Ministry of Social Welfare, Relief and Resettlement presented a musical performance featuring the International Day for Disaster Risk Reduction song.

In his address, Vice-President U Nyo Saw said this year's theme for the International Day for Disaster Risk Reduction is "Resilience Starts at Home," which calls for building disaster-resilient homes, families and communities as a priority in preparing for, responding to and recovering from natural disasters.

He said Myanmar is highly vulnerable to natural disasters and is prioritizing disaster prevention and risk reduction measures in line with the Sendai Framework for Disaster Risk Reduction (2015–2030) and the Disaster Management Law (2013). He added that post-earthquake recovery efforts following the 2025 Mandalay earthquake have emphasized the principle of "Build Back Better," while the Myanmar National Building Code 2025 is being formulated and implemented to promote the construction of earthquake-resistant buildings.

The Vice-President stressed that capacity-building and the participation of all stakeholders are essential to strengthening disaster resilience. He urged everyone to regard building resilience progressively, starting with individual households and extending to the national level, as a national responsibility.

Vice-President U Nyo Saw then presented awards to the winners of the freelance article writing competition, the high school-level painting competition and the disaster awareness animation video competition.

Union ministers subsequently presented awards to the winners of the disaster awareness pamphlet design competition, the disaster awareness pamphlet design competition featuring traditional Myanmar painting, and the high school-level painting competition. Video messages from the United Nations Office for Disaster Risk Reduction and a documentary on disaster management activities were then screened.

The Vice-President, together with the attendees, watched an educational drama staged to mark the 2026 International Day for Disaster Risk Reduction and posed for a group commemorative photo with those attending the ceremony.

MNA

# Systematic demolition of illegal buildings used in online scams/gambling in Shwe Kokko (Part-II) continues

**Controlled demolition of an illegal 5-story building used for online gambling operations in Shwe Kokko (Part-II).**



**Demolition completed.**

**Controlled demolition of an illegal 6-story building used for online gambling operations in Shwe Kokko (Part-II).**



**Rigging and attaching explosive charges.**

**Controlled demolition of an illegal 6-story building used for online gambling operations in Shwe Kokko (Part-II).**



**Rigging and attaching explosive charges.**

**Nay Pyi Taw October 13**

The government, as it has placed emphasis on combat against online scams and gambling as a national responsibility, has continued to systematically carry out the total demolition of illegal buildings used in online scams and gambling in Shwe Kokko area, where most online of them were committed, to prevent the use of the buildings again.

In doing so, the demolition of a 5-storey building out of those used in online scams/gambling and to be demolished with the use of machinery in Shwe Kokko (Part-II) continued and 92 percent of demolition tasks completed. Thirty percent of the demolition of another 5-storey building completed so far while preparations of explosives for detonation of a 6-storey building were being carried out.

Out of 63 buildings to be demolished in Shwe Kokko (Part-II), there were 25 buildings classified to be knocked down with the use of machinery, four buildings to be detonated and 34 buildings to be destroyed manually floor by floor due to their proximity to residential buildings and systematic demolition of the remaining buildings will continue.

With a special emphasis on total eradication, the government has cracked down on online scams and gambling, which has posed a threat to the global socio-economic space and national security, in cooperation with neighbouring and regional countries.

100

# From the Nationwide Ceasefire Agreement (NCA) to Goal of Ever Lasting Peace

At present, the paramount aspiration of the entire populace residing within the State is the cessation of armed conflicts that have persisted for over seven decades since independence, and the realization of ever lasting peace.

In accordance with the objective imperatives of the nation, state stability and socio-economic development can only be accelerated and consolidated once sustainable peace is achieved. Only through enduring and ever lasting peace can armed conflicts be brought to an end, enabling the successful realization of the national objective sought by all national brethren: the building of a Union founded upon democratic and federal principles.

It is precisely for this reason that the Government is making unwavering and steadfast endeavors to secure perpetual and ever lasting peace for the benefit of the State and the entire populace. The foremost and indispensable step toward achieving sustainable peace is the signing of the Nationwide Ceasefire Agreement (NCA) and the expeditious realization of political objectives within an optimal timeframe.

**The NCA serves not only as a solid cornerstone for achieving enduring and ever lasting peace but also as the gateway to the broader peace process. It is therefore imperative to advance courageously and resolutely along the path of national reconciliation and political dialogue through this gateway.**

**The essence of the NCA lies in upholding Our Three Main National Causes and in building a Union based on democratic and federal principles that fully guarantees democracy, national equality, and self-determination in accordance with the Union Spirit founded on liberty, equality, and justice, and in alignment with the outcomes of political dialogues. Ethnic Armed Organizations (EAOs) are therefore urged to comprehend the profound essence of the NCA, transcend self-interest and pride, and conscientiously cooperate to fulfill the genuine aspirations of the State and its people.**

The NCA is not merely a ceasefire agreement; rather, it represents a momentous milestone executed through mutual consensus among the Government, the Tatmadaw, and Ethnic Armed Organizations, with the overarching aim of establishing a Union based on democracy and federalism in a peaceful and stable manner.

The NCA was not drafted unilaterally by any single individual or entity; it is a historic accord formulated on the basis of the aspirations and proposals of Ethnic Armed Organizations, rigorously negotiated and agreed upon through numerous rounds of deliberations involving the Government, the Hluttaw, the Tatmadaw, and the Ethnic Armed Organizations before being formally signed.

A retrospective look at the historical genesis of the NCA further illustrates its significance, solemnity, and intrinsic value. It commenced under the first democratic Government on 18 August 2011, when President U Thein Sein extended an invitation for peace with the objective of achieving perpetual and ever lasting peace. To conduct substantive peace dialogues aimed at resolving over seven decades of ethnic armed conflicts, the Union Peace-making Central Committee (UPCC), the Union Peace-making Work Committee (UPWC), and Union-level peace negotiation teams were established, subsequently conducting peace talks with Ethnic Armed Organizations at both state and Union levels.

Responding to the democratic government's invitation for a nationwide ceasefire, Ethnic Armed Organizations progressed from state-level talks to Union-level dialogues. To enhance the effectiveness and outcomes of Union-level engagements, 16 Ethnic Armed Organizations formed the Nationwide Ceasefire Coordination Team (NCCT) and the Senior Delegation (SD) in 2014, initiating formal negotiations with the Union Peace-making Work Committee (UPWC). Throughout 2015, the draft NCA was exhaustively deliberated and refined with leaders from the 16 Ethnic Armed Organizations, culminating in the historic, dignified signing ceremony of the NCA on 15 October 2015. The signing ceremony brought together nine government representatives led by President U Thein Sein alongside Tatmadaw leaders, 24 representatives comprising three delegates each from eight Ethnic Armed Organizations, 21 domestic witnesses, and international witnesses representing China, India, Japan, Thailand, the European Union, and the United Nations. With two additional Ethnic Armed Organizations acceding to the agreement in 2018, a total of 10 organizations have officially signed the accord.

The NCA comprises 7 chapters, 33 articles, 86 sub-articles, and a total of 104 provisions. It encompasses Basic Principles, Aims and Objectives, Ceasefire Matters, Consolidating the Ceasefire, Guarantees for Political Dialogue, Future Political Roadmap, and Miscellaneous Provisions.

The paramount principle of the NCA is to establish a Union based on democracy and federalism that offers full guarantees in accordance with the outcomes of political dialogues, and to refrain from resolving political problems through military means. Instead, it seeks to resolve issues through political dialogue, foster a new political culture, and prioritize a nationwide ceasefire as the prerequisite to ending armed conflict.

A defining attribute of the NCA—imbued with noble intentions and substantive depth—is that its provisions were formulated based on the aspirations and initial proposals stemming from the Ethnic Armed Organizations' conferences held in Laiza, Kachin State (November 2013) and Law Khee Lar, Kayin State (June 2015). The Government and the Tatmadaw engaged with all Ethnic Armed Organizations in an atmosphere of warmth and cordiality through unprecedented concessions, magnanimity, patience, and an earnest commitment to perpetuate peace in Myanmar. Consequently, the NCA was not achieved easily; from the inaugural invitation for peace talks under the first democratic government to the signing of the agreement, the process spanned 1,450 days and involved more than 5,000 consultative meetings.

As a binding commitment and mutual agreement between the Ethnic Armed Organizations and the State Government, the NCA was ratified by the Pyidaungsu Hluttaw as a Union Accord. As such, it remains a historic and inviolable treaty that cannot be nullified under any circumstance. Therefore, the Government and the Tatmadaw remain committed to rigorously adhering to the provisions of the NCA in their pursuit of enduring peace.

Under the incumbent elected administration, the third democratic government, the National Solidarity and Peacemaking Central Committee (NSPCC), led by the President, keeps the door to peace perpetually open. It continues to pursue enduring peace along the NCA path to bring an end to armed conflicts. Accordingly, to implement the peace process essential for national stability and development, an open invitation without preconditions was issued on 21 April 2026 vide Statement No. 1/2026 to convene talks.

Following the peace invitation extended by the new, third democratic government, the National Solidarity and Peacemaking Negotiation Committee (NSPNC), to be in-line with government peace policies, has engaged in sustained dialogues with NCA signatories, EAOs that have deviated from the NCA path, non-signatory EAOs, peace partners, armed groups, political parties, peace facilitators, and diplomats. These engagements were initiated primarily through bilateral discussions, focusing on local development undertakings to cultivate mutual understanding and trust.

During the six-month period from 11 April 2026 to 10 October 2026 under the new elected administration, the NSPNC convened 13 meetings with seven NCA-signatory EAOs, eight meetings with five non-signatory EAOs, and seven meetings with six peace partner organizations—totaling 28 rounds of discussions with 18 entities. Constructive deliberations have been achieved, and engagements are proceeding on the basis of mutual respect and trust.

The primary agendas addressed in these meetings encompass building mutual trust and confidence; expeditiously establishing a Union based on democracy and federal principles in accordance with political outcomes; fostering regional peace, stability, and development; upholding the rule of law; combating illicit narcotics, transnational crimes, and online scam operations; eradicating terrorist organizations from relevant territories; facilitating the delivery of humanitarian assistance to areas in need; and engaging in open, frank, and cordial discussions to encourage EAOs that have strayed from the NCA framework to rejoin the peace process.

Furthermore, recognizing that earning the trust and confidence of the public is indispensable to the success of this monumental undertaking, concerted efforts are underway to adopt a people-centered approach, ensuring that the dividends of peace are enjoyed by the populace at the earliest possible juncture.

**The ethnic armed conflicts that erupted in tandem with the very date of independence have been perpetuated by divergent political agendas, narrow ethnocentric outlooks, and self-serving individual interests. Under the pretext of self-determination and ethnic rights, armed entities have sought territorial control and mobilized funds through illicit enterprises—including the narcotics trade, illegal exploitation of state-owned natural resources, online fraud syndicates, and cross-border arms trafficking—which have become deeply entrenched in peripheral areas beyond the administrative reach of the State.**

The State cannot accept demands driven by fervent ethnic and local parochialism that exceed reasonable bounds and are pursued through armed violence. Ethnic Armed Organizations are thus strongly urged to eschew the pursuit of their aspirations by force of arms and, instead, embrace the new political culture of constructive dialogue.

**As the incumbent administration is a democratically elected government working in closely cohesion with the Tatmadaw; the Government, the Tatmadaw, and the people stand united at this pivotal juncture to facilitate a smooth transition toward achieving the common national aspiration shared by all ethnic nationalities and the entire populace: "strengthening a genuine, disciplined multi-party democratic system and building a Union founded upon democratic and federal principles."**

**Therefore, with a view to restoring stability, peace, and socio-economic well-being to local populations who have borne the brunt of armed conflicts, an opportune moment has arrived to act with wisdom and vigilance, cease hostilities nationwide, and embark on the NCA path—the gateway to ever lasting peace.**

Accordingly, EAOs currently on the NCA path, those that have diverged from it, and those hesitating to embark upon it are earnestly exhorted to demonstrate a genuine aspiration for perpetual and ever lasting peace, open-mindedness, patience, and resilience against external instigations. By prioritizing pragmatic necessities over parochial demands and making courageous decisions, all stakeholders are called upon to exert collective, concerted efforts to swiftly realize the ultimate goal for ever lasting peace, advancing from the Nationwide Ceasefire Agreement to eternal and ever lasting peace.

**Min Khant**

ရှေ့ဖုံးမှအဆက်

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

**နိုင်ငံတစ်ခု၊ ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၏ GDP တိုးတက်လာစေရေး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလို . . .**

**ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝမှပေးထားသည့် သာယာလှပသည့် ကမ်းခြေများ၊ ကျွန်းစုများ၊ ခရီးသွားအရင်းအမြစ်များ၊ လည်ပတ်ရန် ခရီးစဉ်နေရာများအပြင် ဒေသ သာယာလှပရေး၊ စည်းကမ်းစနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက်လည်း ဒေသနေပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ် . . .**

### ဒေသဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြ

ဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း မြေအသုံးချမှုနှင့် မိုးရွာသွန်းမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့်ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပဲမျိုးစုံစိုက်ပျိုးထွက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်လျက်ရှိမှု၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရေးသုတေသနစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆီကြိမ်းထွက်ရှိမှုနှင့် ဒေသဆီဖူလုံမှုရှိစေရေးအတွက် ဆီချောစက်ရုံတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဆီအုန်းစိုက်ပျိုးမှုမှ ဒေသဝင်ငွေရရှိမှု၊ ရော်ဘာ၊ ကော်ဖီ၊ ကိုကိုးပင်များစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးရေထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုနှင့် တင်ပို့နိုင်မှု၊ ပုစွန်သားဖောက်စခန်း တည်ဆောက်နေမှု၊ ပုလဲ၊ မုတ်ခွံမွေးမြူထုတ်လုပ်နိုင်မှု၊ နှစ်အလိုက် အိမ်မွေးငှက်သိုက်ထုတ်လုပ်မှုနှင့် အခွန်ကောက်ခံရရှိမှု၊ ဘဏ္ဍာနှစ်အလိုက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများမြင့်မားတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက တနင်္သာရီတိုင်းဒေသကြီးသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားအပန်းဖြေဧည့်သည်များ ပိုမိုအဆင်ပြေစွာအများအပြားလာရောက်လည်ပတ်နိုင်ရေးနှင့် ဒေသခံပြည်သူလူထုတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့ကို အထောက်အပံ့ဖြစ်စေနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ပြေးဆွဲနေသည့်လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများ ဖြေလျှော့ပေးစေလိုမှု၊ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတကြီးအနေဖြင့် မြိတ်ဒေသသို့ရောက်ရှိစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့ မြို့မအားကစားကွင်းကိုအဆင့်မြှင့်တင်ခြင်း၊ မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်တိုးချဲ့ခြင်း၊ မြိတ်ပြည်သူ့ဆေးရုံကို ခုတင် ၃၀၀ ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့မှုများအတွက် ဒေသခံများအားလုံးအနေဖြင့် အထူးပင်ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိမှု၊ ဒေသခံများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မြိတ်မြို့ဒေသခံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိမှု၊ လေယာဉ်ကွင်းအဆင့်မြှင့်တင်ခြင်းပြီးစီးပါက ဒေသထွက်တန်ဖိုးမြင့်ရေထွက်ပစ္စည်းထုတ်ကုန်များကို ကုန်တင်လေယာဉ်များဖြင့် ပြည်ပနိုင်ငံဈေးကွက်များသို့ တင်ပို့နိုင်ရေးဆက်သွယ်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းထွက်ရှိသည့် သဘာဝငှက်သိုက်ထုတ်ကုန်များကို အသေးစားလုပ်ငန်းများဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့်ဝင်ရောက် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက်လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို အသုံးပြု၍ရော်ဘာလက်အိတ်များအပါအဝင် အခြားတန်ဖိုးမြင့်ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်သည့်စက်ရုံတည်ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေရရှိရေး နိုင်ငံတော်က ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းလိုအပ်သည့် လူသုံးကုန်ပစ္စည်းများကို ဒေသတွင်း၌ပင် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့်စက်ကိရိယာများဝယ်ယူရန်နှင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်ရန် ချေးငွေရရှိလိုမှု၊ တိုင်းဒေသကြီးအတွင်းရေထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေပေးနိုင်ရေး၊ အခြေခံလူတန်းစားရေလုပ်သားတို့၏ မိသားစုရပ်တည်မှု အဆင်ပြေစေရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များ၊ မူဝါဒနှင့်ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်ကလိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ပြည်တွင်းစားသုံးဆီဖူလုံမှုကို အထောက်အပံ့ဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် အခြားဒေသဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆွေးနွေးတင်ပြမှုများအပေါ် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်းလေကြောင်းလိုင်းများပြေးဆွဲစေလျက်ရှိပြီး လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေနှင့် လေကြောင်းခရီးစဉ်ပြေးဆွဲမှုအတွက် ကုန်ကျစရိတ်တို့အပေါ် မူတည်တွက်ချက်၍ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး သင့်လျော်သည့်နှုန်းထားရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ ထားဝယ်ဒေသသို့ ရက်သတ္တတစ်ပတ်လျှင် လေကြောင်းခရီးစဉ် ခုနစ်ခေါက်ပြေးဆွဲပေးလျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လေဆိပ်အဆင့်မြှင့်တင်ခြင်းနှင့် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် အဆင်ပြေချောမွေ့လာနိုင်မည့် အခြေအနေများ၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းအကောင်အထည်ဖော်ဆောင်လျက်ရှိမှုနှင့်အတူ ဖြစ်ပေါ်လာနိုင်မည့် ဒေသဖွံ့ဖြိုးတိုးတက်လာနိုင်မည့်အခွင့်အလမ်းများ၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုလျင်မြန်ချောမွေ့လာစေရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့် သဘာဝငှက်သိုက်ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် စနစ်ကျသည့်ထုတ်လုပ်မှုဖြစ်စေရေးဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးနှင့် ချေးငွေများရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ မူဝါဒသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်လိုအပ်မှု၊ တိုင်းဒေသကြီးအတွင်း မြေယာအသုံးချမှုများနှင့်ပတ်သက်၍ ခွင့်ပြုပေးထားသည့် လုပ်ငန်းအမျိုးအစားအလိုက် စနစ်တကျနှင့် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြရန် လိုအပ်သည့်အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ကြွယ်ဝစွာတည်ရှိနေသည့်စွမ်းအင်အရင်းအမြစ်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များထုတ်ယူသုံးစွဲ၍ ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိဆောင်ရွက်သွားနိုင်သည့်အခြေအနေများ၊ ဒေသထုတ်ကုန်များဈေးကွက်ရရှိရေးအတွက် MSME ပြပွဲများကျင်းပ၍ ထုတ်ကုန်ပစ္စည်းများဈေးကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြင့် ရော်ဘာထုတ်ကုန်များထုတ်လုပ်နိုင်သည့်စက်ရုံတည်ဆောက်နိုင်ရေး လိုအပ်သည်များကိုချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်၍ အားပေးဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

### နိုင်ငံတော်၏နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုနှင့်ပညာရေးအရ ပြုပြင်ပြောင်းလဲမှုများမဖြစ်မနေ လုပ်ဆောင်ရန်လိုအပ်မှု

ထို့နောက် နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူရပြီးနောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးသို့ ပထမဆုံးအကြိမ်အဖြစ်ရောက်ရှိခြင်းဖြစ်ပြီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် တစ်နှစ်ပတ်လုံး မိုးရေချိန်ကောင်းမွန်စွာရရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ဒေသ၏ရေခံမြေခံကောင်းများ၊ ပိုင်ဆိုင်ထားရှိသည့် အရင်းအမြစ်များ၊ အခြေခံအချက်အလက်များအပေါ်မူတည်၍ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်နိုင်ရန် စီမံချက်များကိုရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရေခံမြေခံနှင့် အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သော်လည်း နိုင်ငံရေးအရလှုံ့ဆော်သွေးထိုးမှုများကြောင့် အချို့သောနေရာများ၌ လုံခြုံရေးအရ အားနည်းချက်များနှင့် မငြိမ်မသက်မှုများဖြစ်ပေါ်လျက်ရှိကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ဒေသနှင့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိုမလိုလားသည့် နိုင်ငံရေးအရအမြတ်ထုတ်အသုံးချနေကြသည့် ပြည်ဖျက်မီဒီယာများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏စကားများကိုနားယောင်ကာ အကောင်းအဆိုးနှင့် အကြောင်းအကျိုးကို ဆင်ခြင်သုံးသပ်ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်မှုမရှိခြင်းသည် ပညာရေးအရ အားနည်းချက်များရှိခဲ့ခြင်း၏ အကျိုးဆက်ပင်ဖြစ်ကြောင်း။

နိုင်ငံသားတစ်ဦးချင်းစီ၏အတန်းပညာများမြင့်မားလာမှသာ အသိပညာ၊ ခံယူချက်၊ ယုံကြည်မှုစိတ်ဓာတ်နှင့် စည်းကမ်းများကောင်းမွန်လာမည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုများ မှန်ကန်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိအချို့သောနိုင်ငံများ၌လည်း နိုင်ငံရေးအရသဘောထားတိုက်ဆိုင်မှုမရှိခြင်းများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လေ့ရှိကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သော်လည်း နိုင်ငံ၏အနာဂတ်ကို ထိခိုက်ပျက်စီးစေမည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့်အကျိုးစီးပွားများနှင့် အခြေခံအရင်းအမြစ်များကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်ကြခြင်းများ မရှိကြကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုးအကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်းရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏အကျိုးစီးပွားကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ပညာရေးအရပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် နိုင်ငံရေးစနစ်အမျိုးမျိုးကိုပြောင်းလဲကျင့်သုံးခဲ့ကြသည်ကိုတွေ့မြင်ရမည်ဖြစ်ပြီး ခေတ်စနစ်များအလိုက် ကောင်းမွန်သည်များရှိခဲ့သကဲ့သို့ အားနည်းချက်များလည်းရှိခဲ့ကြကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူလူထု

တစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ နိုင်ငံတော်ကို ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်က ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီအစိုးရသစ်ထွက်ပေါ်လာခဲ့ကြောင်း၊ ထို့နောက် ဒီမိုကရေစီဒုတိယအစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မည်သို့မျှလက်ခံ၍မရနိုင်သည့် မဲမသမာမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ပြီး ထိုအချိန်က နိုင်ငံတော်တွင်တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အတွက် တပ်မတော်က နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ကြရကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရသဘောထားမတိုက်ဆိုင်မှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အားပေးထောက်ပံ့မှုဖြင့် လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို ဆောင်ရွက်ကာ တိုင်းပြည်ကိုဖျက်ဆီးလာခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ကြည့်ရှုအားပေးစကားပြောကြားစဉ်။




တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး တိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

နိုင်ငံရေးအရစီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ လက်နက်ကိုင်အဖွဲ့များ၏အကြမ်းဖက်လုပ်ရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများစသည့်အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကိုရနိုင်သမျှသော အင်အားစုများ၊ တာဝန်သိပြည်သူများနှင့် သစ္စာရှိဝန်ထမ်းများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ကြိုးစားရုန်းကန်၍အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့်အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

## စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းနှင့်အရင်းအမြစ်များ များစွာရှိပြီးဖြစ်ကြောင်း၊ ဆီအုန်း၊ ရော်ဘာ၊ ဒူးရင်းစသည့်နှစ်ရှည်ပင်များအနေဖြင့် အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်စေရေး စိုက်ပျိုးရေးသုတေသနများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ကိုကိုးပင်များကိုလည်း နှစ်ရှည်သီးနှံပင်များနှင့်တွဲ၍ တိုးချဲ့စိုက်ပျိုးသွားကြခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသဝမ်းစာဖူလုံကိုက်ညီမှုရှိအောင် မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးဈေးနှုန်းကြီးမြင့်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာများထုတ်လုပ်မွေးမြူကြမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်းထုတ်လုပ်မှုနှင့် စားသုံးမှုများမျှတအောင်ဆောင်ရွက်ပေးခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝများတိုးတက်လာအောင် ဖော်ဆောင်ပေးသွားကြရမည်ဖြစ်ကြောင်း၊

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာအတတ်ပညာ၊ အသိပညာများကြွယ်ဝစေရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွက်လာစေရေးစက်မှု၊ စိုက်ပျိုးမွေးမြူရေးအခြေခံပညာ အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့်တိုင်းတာခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၏ GDP တိုးတက်လာစေရေး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်လာအောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

## ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး

တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများနှင့်ခရီးသွားလာမှုများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့် လေယာဉ်ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်မှုကို ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာစေနိုင်မည်ဖြစ်ကြောင်း၊ ရေး-ထားဝယ်ရထားလမ်းသစ်ဖောက်လုပ်ရာတွင်လည်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ နှစ်လမ်းသွားဖြင့် ဖောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုများနှင့် ကုန်စည်ကူးသန်းသွားလာမှုများ ပိုမိုတိုးတက်များပြားလာစေနိုင်မည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်သဘာဝမှပေးထားသည့် သာယာလှပသည့်ကမ်းခြေများ၊ ကျွန်းစုများ၊ ခရီးသွားအရင်းအမြစ်များ၊ လည်ပတ်ရန်ခရီးစဉ်နေရာများအပြင် ဒေသ သာယာလှပရေး၊ စည်းကမ်းစနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက်လည်း ဒေသနေပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီအလိုက်၊ မိသားစုတစ်စုချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများ၊ မြို့များအလိုက် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာကြမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာကြမည်၊ ထုတ်ပြန်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကြမည်ဆိုပါက မိမိတို့ဒေသနှင့် မြို့သာယာလှပမှုသည်လည်း ကောင်းမွန်နေမည်ဖြစ်ကြောင်း။

ထို့ပြင် ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် ထားဝယ်အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ဝတ်စားဆင်ယင်မှုများ၊ ရိုးရာတူရိယာပစ္စည်းများကို စနစ်တကျထိန်းသိမ်းရန်လိုသကဲ့သို့ပြန်လည်ထုတ်ဖော်ပြသသွားရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံ၏ယဉ်ကျေးမှု၊ မိမိတို့ဒေသ၏ယဉ်ကျေးမှုကို နိုင်ငံတွင်းနေထိုင်ကြသူများ၊ ဒေသတွင်းနေထိုင်ကြသူများ ကိုယ်တိုင်မြတ်မြတ်နိုးနိုးတန်ဖိုးထားထိန်းသိမ်းဆောင်ရွက်သွားနိုင်ရေး မြို့မိမြို့ဖများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြု၍ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို အစဉ်အဆက်ထိန်းသိမ်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံချစ်စိတ်မျိုးချစ်စိတ်များ ပိုမိုနိုးကြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် "အားလုံးက မြန်မာ"ဟူသည့်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားလိုကြောင်း။

တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်သည့် အလားအလာကောင်းများ၊ အခွင့်အလမ်းကောင်းများ၊အရင်းအမြစ်များပေါ်ကြွယ်ဝစွာရှိပြီးဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးခြင်း၊ အမှန်တကယ်အလုပ်လုပ်ကိုင်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသည့်နည်းပညာများကိုအသုံးချ၍ ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒေသတစ်ခုချင်းစီအလိုက်ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့်တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာလိုက်လံကြည့်ရှုခဲ့ပြီး ပြခန်းအလိုက်တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ်သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် ယနေ့ နံနက်ပိုင်းတွင်လည်း ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တစ်ဦးချင်းလိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆေးရုံအတွက်လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ပြီး ဆေးရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ပပ)

PPIB News





ဒုတိယသမ္မတ ဦးညိုစောၢ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့၏ ဆောင်ပုဒ်မှာ "Resilience Starts at Home – ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့"ဖြစ်ပြီး သဘာဝဘေးအန္တရာယ် များကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့်ပြန်လည်ထူထောင်ရေးတို့တွင် ဘေးဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံ၊ မိသားစုနှင့် လူမှုအသိုက်အဝန်းများကို ဦးစွာတည်ဆောက်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နိုင်ငံဖြစ်သဖြင့် ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ(၂၀၁၃) တို့နှင့်အညီ ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ကာကွယ်ရေးနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း "ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း (Build Back Better)" ကို အလေးထားပြီး ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံများတည်ဆောက်နိုင်ရန် Myanmar National Building Code 2025 ကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးကို ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝခြင်းနှင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အရေးပါသည့်အချက်ဖြစ်ကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို တစ်အိမ်ချင်းစီကအစပြု၍ နိုင်ငံတော်အဆင့်ထိ အဆင့်ဆင့်ကြိုးပမ်းတည်ဆောက်သွားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများ၊ သဘာဝဘေးအသိပညာပေး Animation ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင် ဒီဇိုင်းပြိုင်ပွဲ၊ သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင် ဒီဇိုင်းပြိုင်ပွဲ(မြန်မာ့ရိုးရာပန်းချီ)၊ အခြေခံအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံးမှပေးပို့သည့် သတင်းစကားရုပ်သံဗီဒီယိုနှင့်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တက်ရောက်လာသူများနှင့်အတူ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေး ပြဇာတ်တင်ဆက်မှုကိုကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ကျင်းပခဲ့သည့် လေးကြိမ်မြောက် အာဆီယံ-တရုတ် တရားစီရင်ရေးဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၃**

ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်ထိ ကျင်းပခဲ့သည့် လေးကြိမ်မြောက် အာဆီယံ -တရုတ် တရားစီရင်ရေးဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အဆိုပါဖိုရမ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ တရားလွှတ်တော်ချုပ်တို့ကြား တရားစီရင်ရေးလုပ်ငန်းများကို တိုက်ရိုက်ဆွေးနွေးနိုင်မည့် အဆင့်မြင့်ယန္တရားတစ်ခုဖြစ်ပြီး ယင်းဖိုရမ်ကို ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၂ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အာဆီယံ-တရုတ်နိုင်ငံတို့နှင့် တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ဤဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေး အကြီးအကဲများနှင့် အမြင်ချင်းဖလှယ်ပြီး မိမိတို့နှင့်သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။

လေးကြိမ်မြောက် အာဆီယံ-တရုတ် တရားစီရင်ရေးဖိုရမ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး နိုင်ငံ ၁၂ နိုင်ငံမှ တရားစီရင်ရေးအကြီးအကဲများ၊ တရားသူကြီးများ၊ တရားစီရင်ရေးဆိုင်ရာအဆင့်မြင့်အရာရှိများ စုစုပေါင်း ဦးရေ ၉၀ တက်ရောက်ခဲ့ကြသည်။ အဆိုပါဖိုရမ်တွင် ဒစ်ဂျစ်တယ်ခေတ်၌ ရာဇဝတ်မှုများ၊ နယ်စပ်ဖြတ်ကျော်တရားမမှုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ တရားရုံးလုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်နည်းလမ်းများနှင့် အနာဂတ်တရားစီရင်ရေးကဏ္ဍတို့၌ AI အသုံးပြုနည်းဆိုင်ရာ အတွေ့အကြုံများကို စာတမ်းများဖတ်ကြားဆွေးနွေးကြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာလီစံက "Strengthening Judicial Cooperation Against Cybercrime & Cross-Border Civil and Commercial Disputes in the Digital Era: Myanmar's Perspective"ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးခဲ့သည်။

အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးသည် ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ် H.E. Mr. Nguyen Van Quang နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်အတွက် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ (Bilateral Meeting) ကို ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မကြာသေးမီက မြန်မာနိုင်ငံသမ္မတ၏ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်အပြီး နှစ်နိုင်ငံကြား ပိုမိုတိုးတက်လာမည့် မဟာဗျူဟာမြောက် မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ တရားစီရင်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကိုလည်း အဆင့်မြှင့်တင်ရန် အလေးထားဆွေးနွေးခဲ့သည်။

တရားသူကြီးချုပ်တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေး၊ နှစ်နိုင်ငံကြား တရားခံလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမမှုများနှင့်ရာဇဝတ်မှုများတွင် တရားစီရင်ရေးဆိုင်ရာ အပြန်အလှန် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့ပြင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်နိုင်ငံတရားသူကြီးများနှင့် တရားရေးအရာရှိများကြား လေ့လာရေးခရီးစဉ်များ (Study Visits)၊ တရားခွင်လေ့လာရေးအစီအစဉ်များ (Court Attachment Programmes)နှင့် တရားစီရင်ရေးဆိုင်ရာသင်တန်းများ (Judicial Training Programmes)မှတစ်ဆင့် အပြန်အလှန် အတွေ့အကြုံများဖလှယ်နိုင်မည့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ယခုကဲ့သို့တွေ့ဆုံမှုသည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံကြား တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍပိုမိုခိုင်မာလာစေရေးအတွက် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

အောက်တိုဘာ ၁၀ ရက် ညပိုင်းတွင် ဒါနန်းမြို့ရှိ Ariyana Convention Centre ၌ ကျင်းပခဲ့သည့် လေးကြိမ်မြောက် အာဆီယံ-တရုတ် တရားစီရင်ရေးဖိုရမ်သို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များကို ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ် H.E. Mr. Nguyen Van Quang က တည်ခင်းသည့် ကြိုဆိုဧည့်ခံပွဲသို့လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ဒါနန်းမြို့ Furama ဟိုတယ်၌ ဒါနန်းပါတီကော်မတီအတွင်းရေးမှူး ပါတီဗဟိုကော်မတီအဖွဲ့ဝင် H.E Le Ngoc Quang က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့လည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် Ba Na Hills သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်တောတွေထိန်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။**

# ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ ကျင်းပ

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၃**

၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ကျောက်တံတားမြို့နယ်ရှိ ဝဇီရာ ဂုဏ်ပြုခံကဇာတ်ရုံတို့၌ ကျင်းပသည်။

နံနက်ပိုင်းတွင် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ဈေးပွဲတော်အဖြစ် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီးက ပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက လက်ခံရယူသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ဗဟို)နှင့် တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တို့က ငွေကျပ် ၁၅ သိန်း၊ Hey Play App မိသားစုက ငွေကျပ်သိန်း ၄၅၀၊ Forever Group (MRTV–4)က ငွေကျပ် ၁၀၄ သိန်း၊ Sky Net မိသားစုက ငွေကျပ် ၆၅ သိန်း၊ မင်္ဂလာရုပ်ရှင်မိသားစုက ငွေကျပ် ၃၉ သိန်း၊ CB Bank က ငွေကျပ်သိန်း ၃၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၃၉ သိန်း၊ သရုပ်ဆောင်မြတ်ရတနာကျော်က ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး ဒုတိယဝန်ကြီးက မုဒိတာစကားပြောကြားသည်။




ဆက်လက်၍ တက်ရောက်လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင်များကို ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ရုပ်ရှင်သက်ကြီးပညာရှင် ဒေါ်မြင့်မြင့်ခင်က ဆုတောင်းမေတ္တာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ကျောင်းပြင်ပအသိပညာဗဟုသုတများစွာရရှိစေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာဒီပ) နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ညောင်လှူး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်







သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု၊ အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

“စစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးစဉ် လာရတဲ့အတွက် ကလေးတွေအတွက်လဲ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေကို လေ့လာခွင့်ရတယ်။ စစ်ရေယာဉ်တွေ၊ လေယာဉ်ပျံတွေ အားလုံးကို ကလေးတွေက အနီးကပ်လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် ကလေးတွေအတွက် အတိုင်းမသိပျော်ရွှင်ရပါတယ်။ အပြင်မှာ ဒါတွေဟာ မမြင်နိုင်ပါဘူး။ နေပြည်တော်မှာရှိတဲ့ စစ်သမိုင်းပြတိုက်မှာပဲ လာရောက်လေ့လာခွင့်ရတဲ့အတွက် အင်မတန်ကုသိုလ်ကံကောင်းတဲ့ ကလေးလေးတွေပါ။ ဒီစစ်သမိုင်းပြတိုက်ကရရှိသွားတဲ့ ဗဟုသုတလေးတွေကို သူတို့ နောင်တစ်ချိန်မှာ ပြန်ပြီးတော့ သိရှိဖို့ ပြောခွင့်ရတယ်။ ကျောင်းမှာဆိုရင်လဲ ပြန်ပြီးပြောပြခွင့်ရှိတယ်။ ဒီစစ်သမိုင်းပြတိုက်မှာ လေ့လာခဲ့ရတာလေးတွေကို နောင်တစ်ချိန်မှာ နောင်လာနောက်သားတွေကိုလဲ ပြောပြခွင့်ရှိပြီးတော့ နိုင်ငံရဲ့ အထင်ကရနေရာတွေ ထပ်ပို့ပေးမယ်ဆိုရင် ကလေးတွေအတွက် ဗဟုသုတများစွာရရှိမှာဖြစ်ပါတယ်”ဟု ပြောသည်။

“အခုလိုမျိုး နိုင်ငံတော်ကနေပြီးတော့ စစ်သမိုင်းပြတိုက်ကို လာရောက်ပြီးတော့ လေ့လာခွင့်ပြုခဲ့တဲ့အတွက် အရမ်းလဲ ကျေးဇူးတင်ပါတယ်။ သမီးတို့ အခုဆိုရင် စစ်သမိုင်းပြတိုက်မှာရှိတဲ့ ကြည်း၊ ရေ၊ လေ အားလုံးကို သမီးတို့ လေ့လာခဲ့ပါတယ်။ ဗိုလ်ကြီး၊ ဗိုလ်မှူးတွေကလဲ အများကြီး ရှင်းပြပေးခဲ့ပါတယ်။ သမီးတို့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ကြည်း၊ ရေ၊ လေ တပ်မှာရှိတဲ့ သင်္ဘောတွေ၊ စစ်သင်္ဘောတွေ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်တွေ၊ တိုက်ခိုက်ရေးလေယာဉ်တွေအကြောင်းကိုလဲ အများကြီးသိခဲ့ရပါတယ်။ နိုင်ငံတော်ကနေ စီစဉ်ပြီးတော့ သမီးတို့ကို စစ်သမိုင်းပြတိုက်ကို လေ့လာရေးခွင့်ပြုခဲ့တဲ့အတွက် အရမ်းလဲကျေးဇူးတင်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ပြင်ပဗဟုသုတမှာ မသိနိုင်တဲ့အကြောင်းအရာတွေ အကုန်လုံး စစ်သမိုင်းပြတိုက်ကို ရောက်တဲ့အခါမှာ ဗိုလ်ကြီး၊ ဗိုလ်မှူးတွေရဲ့ ရှင်းပြမှုတွေကြောင့်မို့လို့ အများကြီးသိခဲ့ရပါတယ်။ အဲဒါကြောင့်မို့လို့လဲ ရှင်းပြပေးခဲ့တဲ့ ဗိုလ်ကြီး၊ ဗိုလ်မှူးတွေကို အထူးပဲကျေးဇူးတင်ရှိပါတယ်”ဟု ပြောသည်။

“စစ်သမိုင်းပြတိုက်ကို လေ့လာရတဲ့အတွက် အသုံးပြုခဲ့တဲ့ စစ်ရေယာဉ်တွေ၊ လက်နက်တွေကိုလဲ တွေ့မြင်ခဲ့ရပါတယ်။ အခုလို လေ့လာတဲ့အခါမှာလဲ လေ့လာတဲ့တစ်လျှောက် စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြပေးတဲ့ တာဝန်ရှိလူကြီးမင်းများအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ အခုလို သွားခွင့်ရအောင်စီစဉ်ပေးခဲ့တဲ့ တာဝန်ရှိလူကြီးမင်းများအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတွေကိုလဲ လေ့လာသိရှိခဲ့ရပါတယ်။ အခုလိုလေ့လာတဲ့အတွက် ကျွန်တော့်အနေနဲ့ တပ်မတော်ကို ပိုပြီးတော့ ချစ်ခင်မြတ်နိုးစိတ်တွေလဲ ဖြစ်လာမိပါတယ်။ ကျွန်တော် တစ်ချိန်မှာ နိုင်ငံတော်ကို သက်စွန့်ကြိုးပမ်းကာကွယ်နိုင်တဲ့ တပ်မတော်သားတစ်ယောက်လဲ ဖြစ်ချင်ပါတယ်။ အခုလို လေ့လာခဲ့တဲ့တစ်လျှောက်မှာလဲ ကျွန်တော်တို့ကို စိတ်ရှည်ရှည် သေချာသဘောပေါက်နားလည်အောင် ရှင်းပြပေးခဲ့တဲ့ တာဝန်ရှိလူကြီးမင်းများနဲ့ ဆရာ၊ ဆရာမတွေအကုန်လုံးကိုလဲ ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆရာဝန်များ ခန့်ထားပေးရေး၊ ဆေးဝါးများပံ့ပိုးပေးရေး၊ ဆေးရုံပြန်လည်ဖွင့်လှစ်ပေးရေး၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရေး၊ ခွဲစိတ်ခန်း ဆောက်လုပ်ပေးရေးနှင့် ဆေးရုံပြုပြင်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်းနှင့် အဆို တစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့ ၂၅ ခုတင်ဆံ့ ဆေးရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်များ ခန့်ထားပေးရန်နှင့် ဆေးဝါးများ ပံ့ပိုးပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကလေးဝမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့်အတူ သူနာပြု ငါးဦး၊ အကူသူနာပြု နှစ်ဦးနှင့် အခြားဝန်ထမ်း ၁၀ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး သွားဆရာဝန် ခန့်ထားနိုင်ရေး စိစစ်ဆောင်ရွက်နေပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ညွှန်ကြား၊ ပံ့ပိုးမှုဖြင့် ကလေးဝမြို့နယ်သို့ ဆေးအမည်ပေါင်း ၁၇၄ မျိုး ဖြန့်ဖြူးပို့ဆောင်ပေးထားပြီး လိုအပ်သော ဆေးဝါးများကိုလည်း ပုံမှန်ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကလေးဝမြို့နယ် ၁၆ ခုတင်ဆံ့ မစိန်တိုက်နယ်ဆေးရုံသို့ စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် တစ်ဦးကို ယာယီတာဝန်ချထားပေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံ ငါးရုံကို ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မတ္တရာမြို့နယ်အတွင်း အကြမ်းဖက်မှုကြောင့် ၂၀၂၂ ခုနှစ် မေလမှစတင်ကာ ငါးနှစ်ကျော် ပိတ်ထားခဲ့ရသော တိုက်နယ်ဆေးရုံ ငါးရုံရှိပါကြောင်း၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ငါးဦးကို အဆိုပါတိုက်နယ်ဆေးရုံများသို့ အလှည့်ကျတာဝန်ချထားပြီး နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၏ လိုက်ပါကူညီစောင့်ရှောက်မှုဖြင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးရုံများ၏ ပျက်စီးဆုံးရှုံးမှုများကို နယ်မြေအခြေအနေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ပုံငွေခွင့်ပြုပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ ညှိနှိုင်းမှုဖြင့် ဆောလျင်စွာပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ **အောင်လံမြို့နယ်ရှိ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းများ အမြန်ဆုံးခန့်ထားပေးရန်နှင့် ခွဲစိတ်ခန်း ပြင်ဆင်ရေးရန်ပုံငွေ ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက အောင်လံခရိုင် အောင်လံမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် သားဖွားမီးယပ်အထူးကုဆရာဝန် တစ်ဦးနှင့် လက်ထောက်ဆရာဝန် နှစ်ဦးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် ပျမ်းမျှအတွင်းလူနာ ၅၃ ဦးနှင့် ပြင်ပလူနာ ၄၅ ဦးတို့ကို ဆေးကုသပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ဦးစားပေးအစီအစဉ်သတ်မှတ်ချက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအပေါ်မူတည်၍ လိုအပ်သော ဆရာဝန်များကို စိစစ်ကာ ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း၊ ခွဲစိတ်ခန်း၏ လိုအပ်ချက်များကို ဆေးရုံကြီးကြပ်ကော်မတီအစီအစဉ်ဖြင့် ပြင်ဆင်ပြီးစီးပြီဖြစ်၍ ခွဲစိတ်ခန်းပြောင်းရွှေ့ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ဆက်လက်စိစစ်ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ဟဲဟိုးမြို့ တိုက်နယ်ဆေးရုံ၌ ခွဲစိတ်ခန်းဆောက်လုပ်ပေးရန်နှင့် Type C Laboratory Set တစ်စုံ ထောက်ပံ့ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့တိုက်နယ်ဆေးရုံအတွက် စံချိန်စံနှုန်းနှင့်အညီ ခွဲစိတ်ခန်းဆောင် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် ကနဦးလျာထားဆောင်ရွက်ပေးထားပါကြောင်း၊ ကလောခရိုင် ပြည်သူ့ဆေးရုံကြီး၏ တင်ပြတောင်းခံလာမှုအရ ဟဲဟိုးတိုက်နယ်ဆေးရုံအတွက် Type C Laboratory Set တစ်စုံကို ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံကြီးကို အထွေထွေပြည်သူ့ဆေးရုံကြီးအသွင် ပြုပြင်ရန် မည်သို့ဖြည့်ဆည်းပေးထားကြောင်း သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် လူ ၂၅၃၁၆၄ ဦးရှိပြီး ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်း ၂၆ ဦးက တစ်နေ့လျှင် ပျမ်းမျှအတွင်းလူနာ ၁၁ ဦး၊ ပြင်ပလူနာ ၇၁ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး လိုအပ်ပါက နီးစပ်ရာ မြောက်ဥက္ကလာပနှင့် သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီးတို့သို့ လွှဲပြောင်းပေးနိုင်သည့်အပြင် မြို့နယ်အတွင်း အမျိုးသားကင်ဆာရောဂါကုသရေးဗဟိုဌာနရှိနေသောကြောင့် လက်ရှိတွင် ပြည်သူ့ဆေးရုံကြီးအဆင့်သို့ အဆင့်မြှင့်တင်ရန် မလိုအပ်သေးပါကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်တွင် စံကိုက်ဒေသန္တရကျန်းမာရေးဌာနခွဲ နှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ နှစ်ခုတို့ဖြင့် မြို့နယ်လူဦးရေအတွက် ဇရာယာနှင့် လူဦးရေလွှမ်းခြုံမှုအရ စနစ်တကျပြုစုကုသပေးလျက်ရှိပါကြောင်း၊ ဆေးဝါးထောက်ပံ့ရေးမူဝါဒ၊ သာမန်ဘတ်ဂျက်နှင့် ဆေးပဒေသာပင်ရန်ပုံငွေများဖြင့် လုံလောက်စွာ ထောက်ပံ့ပေးနေသည့်အပြင် အရေးပေါ် သီးသန့်ဆေးဝါးများလည်း သိုလှောင်ထားရှိပါကြောင်း။

ကုသရေးဝန်ထမ်းများအတွက် လေးခန်းတွဲ လေးထပ်အိမ်ရာ တစ်လုံးနှင့် နှစ်ခန်းတွဲ နှစ်ထပ်အိမ်ရာ တစ်လုံးရှိပြီးဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဝန်ထမ်း ၂၂ ဦးအတွက် ခြောက်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရန် လျာထားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် **“နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများကို နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို”** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလှ**က ဒေသဇုန်ကြီးများ ဇုန်အလိုက်ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုကွာဟချက်ကို ကျဉ်းမြောင်းစေနိုင်ပြီး ဒေတွင်း၌ပင် ယုံကြည်စိတ်ချစွာ ကုသမှုခံယူနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုထိရောက်အောင်မြင်ပြီး ရေရှည်တည်တံ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အကြံပြုလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်ကျန်းမာရေးအသုံးစရိတ်အပြင် သီးသန့်ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလိုချိတ်ဆက်၍ (PPP)စနစ်ဖြင့် ပူးပေါင်းဖော်ဆောင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ကျွမ်းကျင်ပညာရှင်များကို ဒေသဇုန်ကြီးများအလိုက် မျှတအချိုးကျစွာ ခွဲဝေတာဝန်ချထားပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်မူဝါဒ တစ်ရပ်ကို စနစ်တကျရေးဆွဲချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အကြံပြုအပ်ပါကြောင်း၊ အဆိုသည် ပြည်သူများအတွက် မျှော်လင့်ချက်အရုဏ်ဦးကို ဆောင်ကြဉ်းပေးနိုင်မည့် ကျန်းမာရေးမဟာဗျူဟာမြောက် အဆိုတစ်ရပ်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် ရေရှည်စီမံကိန်းချ၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်**က အဆိုရှင်၏ ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးရမည် ဆိုသည့်အချက်အပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ပြည်သူများက အနည်းဆုံး ဆရာဝန်စမ်းသပ်ခ၊ ဓာတ်ခွဲစမ်းသပ်ခနှင့် ဝန်ဆောင်စရိတ်များ ကျခံစရာမလိုဘဲ ဆေးဖိုးလောက်သာကျခံရမည်ဆိုလျှင် ကုန်ကျစရိတ်တစ်ဝက်လျော့သွားမည်ဖြစ်ပါကြောင်း၊ ယင်းမှာ ပြည်သူများအတွက် လက်တွေ့ထိရောက်သည့် အကျိုးခံစားခွင့်ပင်ဖြစ်ပါကြောင်း၊ ဒေသဇုန်များခွဲပြီး အချိန်မီကုသမှုခံနိုင်ရန် စရိတ်စက လျော့ကျကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးရမည် ဆိုသည်မှာ ကောင်းမွန်သည့်ကိစ္စဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူလူထုတစ်ရပ်လုံးအတွက်လည်း လက်တွေ့အကျိုးခံစားရမည့် ကိစ္စဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း**က ပြည်သူ့ဆေးရုံများ၏ အဆင့်အလိုက် လူနာလွှဲပြောင်းကုသခြင်းနှင့် ပြန်လည်လွှဲပြောင်းကုသခြင်းအစီအစဉ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက အထူးကုဆေးရုံကြီးများတွင် လူနာများ စုပြုံစွာစောင့်ဆိုင်းရန်မလိုဘဲ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများတွင် ကုသမှုပေးပြီး ပိုမိုထိရောက်နိုင်သဖြင့် အထူးကုဆေးရုံကြီးများတွင် ကုသရမည့်ရောဂါအဆင့်၊ ပြည်သူ့ဆေးရုံများတွင် ကုသရမည့်ရောဂါအဆင့် ခွဲခြားသတ်မှတ်လိုက်မည်ဆိုပါက လူနာများစောင့်ဆိုင်းရမည့်အချိန် လျော့နည်းသွားနိုင်သည်ကို အကြံပြုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လုံခြုံကောင်းမွန်မှုသည် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာစေနိုင်ရန် တစ်ဖက်တစ်လမ်းက အထောက်အပံ့ဖြစ်စေ၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသော နိုင်ငံတော်အစိုးရက အလုံးစုံကျခံပေးသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်အစား ပိုမိုကောင်းမွန်သည့် ကျန်းမာရေးအာမခံစနစ် သို့မဟုတ် ခိုင်မာသော ပြည်သူလူထုပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

**သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က ဒေသကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ပေးရေးကို တင်ပြလိုပါကြောင်း၊ ဇုန်အလိုက် အဆင့်မြင့်ဆေးရုံကြီးများတည်ဆောက်ပေးမည့်နေရာကို ရေတိုရေရှည်စီမံကိန်းချမှတ်ပြီး လူဦးရေထူထပ်မှု၊ ရောဂါဖြစ်တည်မှု၊ အမျိုးအစားအလိုက်နှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေ၊ ပညာရှင်များကို မွေးထုတ်ရမည့်အချိန်ကာလကို ထည့်သွင်းတွက်ချက်၍ မဖြစ်မနေလုပ်ဆောင်သင့်ပါကြောင်း၊ ရေတိုစီမံကိန်းဆိုသည်မှာ လက်ရှိဆေးရုံဆေးပေးခန်းများကို ဆရာဝန်ဆရာမများ၊ ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ လစာများကို လုံလောက်စွာဖြည့်တင်းပေးခြင်းကို ဆိုလိုပါကြောင်း။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများကို တိုးချဲ့တည်ဆောက်ပေးရာတွင် ပြည်သူ့တို့၏ အမှန်တကယ်လိုအပ်ချက်နှင့် အစိုးရ၏ ဘဏ္ဍာရေးစွမ်းရည်မျှတစွာ စဉ်းစားပေးရန် ဖြစ်ပါကြောင်း၊ ပြည်သူများလိုလားသော အဆင့်မြင့်ဆေးရုံထူထောင်ပေးမှုကို ရေရှည်စီမံကိန်း လမ်းပြမြေပုံ ရေးဆွဲဆောင်ရွက်သင့်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ပါက ပြည်သူ၊ အစိုးရ၊ နိုင်ငံတော် သုံးဦးသုံးဖလှယ် အကျိုးရှိသည့်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၊ တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၊ လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်နှင့် ဝေါမဲဆန္ဒနယ်မှဦးအောင်နိုင်တို့က အကြံပြုထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့ထားသော **“ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း”** နှင့် **“နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ”**ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

◆ **အားကစားပြိုင်ပွဲများမှ**

ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများကို တပ်မတော်တိုက်ကွမ်ဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး တတိယနေရာလုပွဲ ပွဲစဉ်များကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(B)၌ ယှဉ်ပြိုင်ကစားကြရာ အမျိုးသားပွဲစဉ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို သုံးပွဲ နှစ်ပွဲဖြင့်









၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။










၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

လည်းကောင်း အသီးသီးအနိုင်ရရှိပြီး တတိယနေရာများရရှိသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ၊ အမျိုးသားဗန်တို အတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသား ဓားနှစ်လက် အတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်များကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အသီးသီးယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများကို တပ်မတော် မြန်မာ့သိုင်းကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၅၆ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲတွင် ကီလိုတန်းအလိုက် လူသစ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိစစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ၆၃ ကြိမ်မြောက် အလွတ်တန်းအဆင့်ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြုလုပ်ရာ တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲ ပထမပိုင်းတွင် နှစ်သင်းလုံးသည် တတိယနေရာသို့တက်ရောက်လာကြသောအသင်းများဖြစ်သည့်အလျောက် တစ်ဖက်နှင့်တစ်ဖက် ဂိုးမပေးရရေးအတွက် အကြိတ်အနယ်ကစားခဲ့ကြပြီး ပွဲကစားချိန် ၁၀ မိနစ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းမှ ကျောနံပါတ်(၇)က ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း အနေဖြင့်လည်း ချေပဂိုးပြန်လည်သွင်းယူနိုင်ရေးအတွက် ထိုးဖောက် တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲကစားချိန် ၁၂ မိနစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းမှ ကျောနံပါတ်(၉)က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကြောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် အသင်းကလည်း အနိုင်ဂိုး ပြန်လည်ရရှိနိုင်ရေးအတွက် ထိုးဖောက်တိုက် စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၂၁ မိနစ်တွင် ဒုတိယဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး တစ်ဂိုး ရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းလုံး အားအင်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားခဲ့ပြီး ဒုတိယပိုင်း မိနစ် ၆၀ တွင်လည်းကောင်း၊ ၇၆ မိနစ်တွင်လည်းကောင်း၊ ၈၄ မိနစ်တွင်လည်းကောင်း၊ ဒုတိယပိုင်းပြီးဆုံးခါနီး မိနစ် ၉၀ တွင်လည်းကောင်း ဂိုးများဆက်တိုက် ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ဒုတိယပိုင်းပြီးဆုံးချိန်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ခြောက်ဂိုး တစ်ဂိုးရလဒ်ဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက တတိယရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။(၅၀၁)

# အာဆီယံရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၃**

အာဆီယံရေးရာကော်မတီ၏ ပထမ အကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင်နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ကျင်းပရာ ကော်မတီ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနတို့မှ အဖွဲ့ဝင်များနှင့် ကိုယ်စား လှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ နှင့် ပုံမှန်ထိတွေ့ဆက်ဆံနေသည့်လမ်း ကြောင်းအပြင် အာဆီယံနှင့်ဆက်သွယ် ဆောင်ရွက်မည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်ဖြစ်ကြောင်း၊ အာဆီယံ အနေဖြင့် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများရှိ ခဲ့သော်လည်း မြန်မာနိုင်ငံသည် တာဝန်သိ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို ယခင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်း စဉ် ငါးရပ်နှင့်အညီ မြန်မာနိုင်ငံ၏ အချုပ် အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွား ကို ထိခိုက်မှုမရှိစေဘဲ အဖြစ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ကြောင်း၊ အာဆီယံနှင့် ဆက်ဆံရာတွင် တစ်နိုင်ငံချင်းအလိုက် ဦးစားပေးအဆင့် လိုက် ထိတွေ့ဆက်ဆံလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံထုတ်ပြန်ချက် ငါးရပ်နှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ တစ်ချက်ချင်းစီ အလိုက် အကောင်အထည်ဖော်ဆောင် ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက် ရောက်လာကြသည့် ကိုယ်စားလှယ်များ က မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ များကြား လက်ရှိ နှစ်နိုင်ငံဆက်ဆံရေးကို အခြေခံကာ အာဆီယံအတွင်း မြန်မာနိုင်ငံ ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးကို ပြန်လည်ထိန်းသိမ်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ ကိုယ်ပိုင်နည်းလမ်းဖြင့် ဆောင်ရွက်နိုင် မည့် နည်းလမ်းများကို အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

---

**❑ လေးမျက်နှာမြို့နယ်မှ**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် သည် တာဝန်ရှိသူများနှင့်အတူ ငဝန်တာ အိကျသည့်နေရာ တစ်ဖက်ကမ်းရှိ သောင်ခုံကို ရှင်းလင်းဖယ်ရှားခြင်း သောင်တူးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည် မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန တာဝန်ရှိသူများက သောင်တူး၍ သဲဖို့ခြင်းလုပ်ငန်းကို သောင်တူးယာဉ်များ ဖြင့် တူးဖော်နေမှုနှင့် တူးစာစွန့်ပစ်မည့် နေရာများ၊ ဘိုးပိုင်အခြေပြု ကျောက်ပြား ကပ်တမံကမ်းထိန်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် တင်ပြဆောင် ရွက်ထားရှိမှုအခြေအနေ၊ လေးမျက်နှာ မြို့နယ် ငဝန်တာ တာမိုင် ၂၅/၃ ကို အခိုင် အမာပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ကို ဆက်လက်ဆောင်ရွက်ရန်အတွက် မြေပြင်တိုင်းတာခြင်းလုပ်ငန်း၊ ဘူမိဗေဒ စူးစမ်းလေ့လာခြင်းလုပ်ငန်း တာအူ ကြောင်းရွေးချယ်ခြင်းလုပ်ငန်း စသည့် လုပ်ငန်းများလုပ်ဆောင်သွားမည့် အခြေ အနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ လေးမျက်နှာမြို့ အမှတ်(၄) ရပ်ကွက်ရှိ အောင်မင်္ဂလာဈေး တွင် ဈေးသည်များပြန်လည်ရောင်းချနေမှု များကိုကြည့်ရှုစစ်ဆေးပြီး ဈေးသူဈေးသား များနှင့်ဒေသခံပြည်သူများ အဆင်ပြေစွာ ဈေးရောင်းဝယ်နိုင်ရေး၊ သန့်ရှင်းသပ်ရပ် ပြီး စနစ်တကျရှိသည့်ဈေးတစ်ခုဖြစ်စေ ရေး ဆောင်ရွက်ပေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမတွင် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါး ရေကြီးနစ်မြုပ်ပျက်စီးသော ဧကများ အနက် စပါးသီးနှံပြန်လည်စိုက်ပျိုးမည့် တောင်သူများ၊ ပဲစိုက်ပျိုးမည့်တောင်သူ များထံသို့ မျိုးစပါး၊ မတ်ပဲမျိုး၊ ထွန်ယက် ဆီ၊ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ဘက်စုံသုံး ရွက်ဖျန်း အားတိုးဆေးများ ထောက်ပံ့ပေး အပ်ခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**❖ ဂေါက်သီးရိုက်ပြိုင်ပွဲမှ**

Women's China Open ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် လူယူဂျီ၏နောက်တွင် တရုတ်ဂေါက်သီးရိုက်မယ်များ ဖြစ်သည့် ရှီယူလီနှင့် ရန်ယီဂျာတို့က ၂၁၃ ချက် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့စီ ဖြင့် ဒုတိယနေရာတွင်ပူးတွဲရပ်တည်နိုင်ခဲ့ ခြင်းဖြစ်သည်။

လူယူဂျီသည် Women's China Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံ ဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဂေါက်သီး ရိုက်မယ်ကစားသမားဘဝတွင် ပထမဆုံး အဓိကဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက် မှ ၁၂ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**STA**

---

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တာဝန်ယူစိတ်မရှိတဲ့ အကြမ်းဖက် NUG ရဲ့ စကားတွေအောက်မှာ တစ်ယူသန်စိတ်နဲ့ ဘဝနစ်မွန်းခံမှာလား၊ လွတ်လပ်ပျော်ရွှင်တဲ့ ပြည်သူလုပ်မှာလား”** ခေါင်းစဉ်ဖြင့် ၁၄-၁၀-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၁-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ကမ်းပိန်းပေါင်းများစွာ အမည်တပ်ခွက်ခေါက်ပြီး ကိုယ်ကျိုးရှာတော်လှန်ရှင်သန်ရင်း ပြည်တွင်းစစ်မီးမွေးနေဆဲ NUG၊ PDF အကြမ်းဖက်အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက တမံလျော့အိကျမှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**❍ မမြရေလှောင်တမံမှ**

မိုးရေကာဖျင်များ စနစ်တကျအုပ်မိုး ကာကွယ်ခြင်း၊ တမံလျော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက် ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့် တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင် ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ် ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ် ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများပူးပေါင်းကာ စက် ယန္တရားများအသုံးပြု၍ အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိ သည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေ ပိုင်းတွင် တမံရှိရေ ၃၁၀ ဒသမ ၃၅ ပေသာ ကျန်ရှိတော့သဖြင့် ၄ ဒသမ ၆၅ လက်မခန့် လျော့နည်းသွားကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

---




---

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၁၃**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့်သတင်း အချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

---

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး အောက်တိုဘာ ၁၃**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း Multipurpose Stadium ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဖူဆယ်ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင် ၁၁ ခုမှ အသင်းများအလိုက် အားကစားသမားများကို လိုက်လံနှုတ်ဆက်ပြီး အားကစားပစ္စည်းများပေးအပ်ကာ အောင်မြေသာစံခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ အောင်မြေသာစံခရိုင်အသင်းက အမရပူရခရိုင်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**




၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၄၇၄ တွဲ ရောင်းချနိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့်ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ ထုတ်ပြန်ကြေညာနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် ကျောက်စိမ်းအတွဲ အမှတ်(၁) မှ (၅၅၀)ထိ အတွဲ ၅၅၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၄၇၄ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲ အမှတ် (၅၅၁) မှ (၁၁၀၀)ထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ ထိုသို့တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၅ နာရီတွင်ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၄ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများကို အောင်မြင်အောင်ကျင်းပ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ အဖိုးတန်ကျောက်မျက် သယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် မြန်မာ့မြေအလှတရားကို ထာဝရရှင်သန်စေရန်အတွက် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ အကောင်အထည် ဖော်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၁၃-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၀ ~ ၃၆၆၂.၈ | ၅၅၇.၄ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၀၈၁,၁၁၁.၈၇ | ၁၀,၁၁၉,၀၀၂.၃၅ | ၇၀,၈၅၁,၈၉၉.၁၅ | - |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

■ ပြေးခုန်ပစ်ပြိုင်ပွဲမှ



ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုင်းထွန်းညို၊ ဦးနေမျိုးလှိုင်၊ ဒေါက်တာနေခြည်လွဲလွဲသိန်း၊ ဦးလင်းအောင်၊ ဦးသိုက်စိုး၊ ဦးခင်လတ်ကြီး၊ ဒေါက်တာသောင်းနိုင်ဦး၊ ဦးမျိုးကျော်သူ၊ ဦးမျိုးမြင့်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများအလိုက် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းနေရာယူကြပြီး အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြား၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက် ရွတ်ဆိုကြပြီး အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲတွင်ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဒုတိယဝန်ကြီးများနှင့်အတူ ပြေးခုန်ပစ်အားကစားသမားများ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊တတိယဆုရရှိသူများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်ကလည်းကောင်း၊ အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊ တတိယဆုရရှိသူများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုက လည်းကောင်း၊ အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊တတိယဆုရရှိသူများကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက လည်းကောင်း၊ အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ကျင်းပခဲ့သည့် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ အမျိုးသား မီတာ ၄၀၀ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ၏ စံချိန်သစ်ကို အောင်မြင်စွာတင်နိုင်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမား ဟိန်းထက်အောင်သည် 48.01 စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည့်အတွက် အားကစားသမားသမားနှင့်နည်းပြတို့ကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ စံချိန်သည် ၁၉၈၉ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အားကစားသမား ထွန်းဝင်းသိန်းတင်ခဲ့သည့် 48.50 စက္ကန့် စံချိန်ဟောင်းကို 0.49 စက္ကန့်ဖြင့် ကျော်လွန်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၃၇ နှစ်ကြာတည်ရှိခဲ့သည့် စံချိန်ဟောင်းကို ချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည့်အပြင် ၁၉၉၁ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် ၁၆ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမား ဌေးဝင်း တင်ခဲ့သည့် အမျိုးသား မီတာ ၄၀၀ စံချိန် 48.63 စက္ကန့်ထက်လည်း ပိုမိုကောင်းမွန်သော စံချိန်ဖြင့် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဌေးဝင်း၏ စံချိန်မှာ Electronic Timing (ET) စနစ်ဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ဟိန်းထက်အောင်၏ ယခုစံချိန်မှာ Hand Timing (HT)စနစ်ဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်သဖြင့် အချိန်တိုင်းတာမှုစနစ် ကွဲပြားခြားနားမှုကို ထည့်သွင်းစဉ်းစား၍ စံချိန်နှစ်ရပ်စလုံးကို သီးခြားမှတ်တမ်းများအဖြစ် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က အသိအမှတ်ပြု ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားရေးရာ ဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်ထိ ပြိုင်ပွဲကာလ လေးရက်ကြာဖြင့်နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁) တို့၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အမျိုးသား အသင်း ၂၂ သင်း၊ အမျိုးသမီးအသင်း ၂၁ သင်း ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၄၃ သင်း စုစုပေါင်းအင်အား ၄၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မန္တလေး အောက်တိုဘာ ၁၃**

"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှ စတင်စို့ (Resilience Starts at Home)" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ဌာနဆိုင်ရာများ၊အသင်းအဖွဲ့များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နေအိမ်များအပါအဝင် အဆောက်အအုံများကိုတည်ဆောက်ရာတွင် ဘေးဒဏ်ခံနိုင်ရည်ရှိမှုကို ထည့်သွင်းစဉ်းစား၍ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် လူ့အသက်အိုးအိမ် စည်းစိမ် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချစေပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော တိုင်းဒေသကြီးအဖြစ်မှသည် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော နိုင်ငံတော်ကြီးအဖြစ်ဆီသို့ အရောက်လှမ်းကြရင်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် UNDRR၏ အကြီးအကဲ Mr.Karmal Kishore ၏ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အတွက် ပြောကြားသည့် သဝဏ်လွှာသတင်းစကားရုပ်သံနှင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံး နိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် သို့မဟုတ် အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ကွမ်းခြံကုန်းမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်လန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ မဟာဗောဓိအောင် မင်္ဂလာရွှေပါရမီကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါး၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ ၁၁၆ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံများကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam)များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံကို စက်ယန္တရားများဖြင့်စနစ်တကျဖြိုချဖျက်ဆီးနေမှုကိုတွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၉၂ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ခြောက်ထပ် အဆောက်အအုံတစ်လုံးကိုလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Mi Pauk" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကိုင်းကြီးကျေးရွာနေ အခြေခံပညာ မူလတန်းကျောင်း (ရှားစီးဘိုကျေးရွာ)မှ လက်ထောက်မူလတန်းပြဆရာမ နှင်းဝတ်ရည်ကို ညနေ ၄ နာရီ မိနစ် ၅၀ တွင် အုတ်ဖိုမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အနိုင်ဒီကရီကို ဇာရီမှုပြုလုပ်ရာတွင်

စိန်လှိုင်ဖိုလ်



တရားမမှုနှင့် ရာဇဝတ်မတူကွဲပြားမှုများရှိသည်ကို အများသိရှိကြပြီးဖြစ်ပါလိမ့်မည်။ ရာဇဝတ်မှုတွင် ရုံးတော်က နှစ်ဖက်သက်သေများကို စစ်ဆေးပြီးနောက် ပြစ်မှုထင်ရှားလျှင် ဥပဒေနှင့်အညီပြစ်ဒဏ်ချမှတ်သည်။ ပြစ်မှုမထင်ရှား၊ မပေါ်ပေါက်လျှင် တရားရှင် သို့မဟုတ် တရားသေလွှတ်မိန့် ချမှတ်ရသည်။ များစွာမရှုပ်ထွေးလှပါ။ တရားမမှုများစစ်ဆေးရာတွင်မူ စွဲဆိုလွှာ၊ ချေပလွှာအရ ရုံးတော်က ဖြေဆိုဆုံးဖြတ်နိုင်ရန်အလို့ငှာ ငြင်းချက်များထုတ်ရသည်။ ငြင်းချက်များ စစ်ဆေးပေါ်ပေါက်ချက်အရ ရုံးတော်က ဖြေဆိုပြီးနောက် အမှုကိုဆုံးဖြတ်ရသည်။ အမှုနိုင်လျှင် တရားလိုဘက်မှ အနိုင်ဒီကရီရရှိပါလိမ့်မည်။

မပြီးသေးပါ။ ရရှိသောအနိုင်ဒီကရီကို အတည်ပြုရန် ရုံးတော်တွင် ဇာရီမှုထပ်မံဖွင့်လှစ်ရပြန်သည်။ ထိုသို့ဇာရီမှုဖွင့်လှစ်ရာတွင် တရားနိုင်နှင့် တရားရှုံးတို့ကြားနှစ်ဖက်အငြင်းပွားမှုများဖြစ်လေ့ရှိသည်။ ဥပမာအားဖြင့် တရားနိုင်ဘက်မှရရှိသော ဒီကရီမှ "ငွေ" ဒီကရီဖြစ်ပါက တရားရှုံးက ငွေမပေးနိုင်လျှင် တရားရှုံးပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လေလံတင်ရောင်းချရန် တရားနိုင်က လျှောက်ထားနိုင်သည်။ သို့ရာတွင် တရားရှုံးပိုင်ပစ္စည်းသည် တရားလိုအနိုင်ဒီကရီရသောတရားရုံး၏ စီရင်ပိုင်ခွင့်နယ်မြေပြင်ပမြို့နယ်တွင်တည်ရှိနေပါက ပစ္စည်းတည်ရှိရာ စီရင်ပိုင်ခွင့်ရှိသည့်တရားရုံးတွင်သာ ဇာရီမှုကို ဖွင့်လှစ်ရမည်ဖြစ်ကြောင်း သိရှိမှတ်သားဖွယ်အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါဦးမည်။

ပဲခူးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် (၅၃/၈၄)တွင် ဦးတန်ဘီ ခေါ် ဦးကျော်အောင်က **ဦးမြရွှေအပေါ် ငွေဒီကရီရရှိခဲ့သည်။** ၎င်းဒီကရီကို အဆိုပါတရားရုံး (ပဲခူးတိုင်းတရားရုံး) တရားမဇာရီမှုအမှတ် (၁၃/၈၅) (ပဲခူး)တွင် အတည်ပြုရာ၌ တရားနိုင်က **"ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့ရှိ ဦးမြရွှေ၏နေအိမ်ကို လေလံတင်ရောင်းချပေးရန် လျှောက်ထားခဲ့သည်။** ဦးမြရွှေက ကန့်ကွက်သော်လည်း ပဲခူးတိုင်းတရားရုံးသတင်းစာတွင် ကြော်ငြာပြီး ရောင်းချရန်ဆုံးဖြတ်ခဲ့သည်။ ၎င်းဆုံးဖြတ်ချက်ကို ဦးမြရွှေက မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ အယူခံမှုကို တင်သွင်းခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဦးမြရွှေ၏ရှေ့နေက ပဲခူးတိုင်းတရားရုံးမှ ချမှတ်သည့်ငွေဒီကရီကို အတည်ပြုပေးရန် ရန်ကုန်တိုင်းတရားရုံးသို့ လွှဲပြောင်းပေးခြင်းမပြုဘဲ ပဲခူးတိုင်းတရားရုံးသည် ရန်ကုန်တိုင်းတရားရုံးစီရင်ပိုင်ခွင့်နယ်မြေရှိ အချင်းဖြစ်အိမ်ကို လေလံတင်ရောင်းချခွင့်မရှိကြောင်း ရုံးတော်သို့ တင်ပြလျှောက်ထားခဲ့သည်။

ပဲခူးတိုင်းတရားရုံးသည် **"မတင်ပါ-၂ နှင့် ပီပီအနာသန်ရန်အိုင်းယား"** စီရင်ထုံးကို ကိုးကား၍ အချင်းဖြစ်အိမ်ကိုရောင်းချခွင့်ရှိကြောင်း သုံးသပ်ထားသည်ကို ဗဟိုတရားရုံးက တွေ့ရှိခဲ့သည်။ ဤအယူခံတွင်လည်း အယူခံတရားပြိုင် ဦးတန်ဘီ ခေါ် ဦးကျော်အောင်၏ရှေ့နေက ၎င်းစီရင်ထုံးကိုပင် ကိုးကား၍ ပဲခူးတိုင်းတရားရုံး၏ စီရင်ဆုံးဖြတ်ချက်မှာ မှန်ကန်ကြောင်း တင်ပြလျှောက်ထားသည်ကို ဗဟိုတရားရုံးက စိစစ်တွေ့ရှိခဲ့သည်။

ဗဟိုတရားရုံးက ၎င်းစီရင်ထုံးကို လေ့လာကြည့်သောအခါ **ယခင်ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်းရှိ ပစ္စည်းများနှင့်စပ်လျဉ်း၍ အငြင်းပွားသောအမှုတွင်** ရုံးကချမှတ်သော ဒီကရီကို အမှုသည်များ၏ သဘောတူညီချက်အရ ပုသိမ်မြို့ ယခင်ခရိုင်တရားမရုံးက အတည်ပြုသောအခါ မြောင်းမြခရိုင်အတွင်းရှိ အချင်းဖြစ်ပစ္စည်းကို လေလံတင်ရောင်းချခွင့်ရှိကြောင်း ကောက်ယူဆုံးဖြတ်ထားသည်ကို ဗဟိုတရားရုံးက စိစစ်တွေ့ရှိခဲ့သည်။ ယခုအမှုမှာ **ငွေဒီကရီကို အတည်ပြုရန်ဖြစ်၍ ယခုအမှုတွင် ပေါ်ပေါက်သောအကြောင်းအရာများသည် မတင်ပါ-၂ အမှုနှင့်ကွဲပြားခြားနားသဖြင့်** အထက်ဖော်ပြပါစီရင်ထုံးကိုကိုးကားပြီး **ပဲခူးတိုင်းတရားရုံးက မိမိစီရင်ပိုင်ခွင့်ဒေသပြင်ပရှိ** မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လေလံတင်ရောင်းချခွင့်ရှိကြောင်း ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေတွင် တရားရုံးတစ်ရုံးသည် မိမိစီရင်ပိုင်ခွင့်နယ်မြေအတွင်း တည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသာ လေလံတင်ရောင်းချနိုင်သည်ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသည်မှာမှန်၏။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆ ပါ ပြဋ္ဌာန်းချက်အရ တရားရုံးတစ်ရုံးသည် မိမိစီရင်ပိုင်ခွင့်ဒေသအတွင်းရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်းသည့် တရားမမှုကို စီရင်ပိုင်ခွင့်ရှိသည်။ ပုဒ်မ-၁၇ တွင် အကျုံးဝင်သော အမှုမျိုးမှတစ်ပါး မိမိစီရင်ပိုင်ခွင့်ဒေသအတွင်း တည်ရှိခြင်းမရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် စပ်လျဉ်းသောတရားမမှုကို စီရင်ပိုင်ခွင့်မရှိချေ။ တရားမမူလအမှုနှင့်စပ်လျဉ်းသည့်စီရင်ပိုင်ခွင့်ကို ဤကဲ့သို့ကန့်သတ်ထားသည့်အလျောက် ဒီကရီကိုအတည်ပြုရာတွင်လည်း အလားတူကန့်သတ်ချက်ရှိသည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

❖ **ပြစ်မှုမထင်ရှား၊ မပေါ်ပေါက်လျှင် တရားရှင် သို့မဟုတ် တရားသေလွှတ်မိန့်ချမှတ်ရသည်။ များစွာမရှုပ်ထွေးလှပါ။ တရားမမှုများစစ်ဆေးရာတွင်မူ စွဲဆိုလွှာ၊ ချေပလွှာအရ ရုံးတော်က ဖြေဆိုဆုံးဖြတ်နိုင်ရန်အလို့ငှာ ငြင်းချက်များထုတ်ရသည်။ ငြင်းချက်များစစ်ဆေးပေါ်ပေါက်ချက်အရ ရုံးတော်က ဖြေဆိုပြီးနောက် အမှုကို ဆုံးဖြတ်ရသည်။ အမှုနိုင်လျှင် တရားလိုဘက်မှ အနိုင်ဒီကရီရရှိပါလိမ့်မည်။ မပြီးသေးပါ။ ရရှိသောအနိုင်ဒီကရီကို အတည်ပြုရန် ရုံးတော်တွင် ဇာရီမှုထပ်မံဖွင့်လှစ်ရပြန်သည်။ ထိုသို့ဇာရီမှုဖွင့်လှစ်ရာတွင် တရားနိုင်နှင့်တရားရှုံးတို့ကြား နှစ်ဖက်အငြင်းပွားမှုများ ဖြစ်လေ့ရှိသည်။** ❖

အကယ်၍ ပဲခူးတိုင်းတရားရုံးက ယူဆသကဲ့သို့ ၎င်းတရားရုံးသည် မိမိ၏စီရင်ပိုင်ခွင့်ဒေသပြင်ပရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင်ရောင်းချခွင့်ရှိမည်ဆိုပါက ၎င်းပစ္စည်းတည်ရာဒေသရှိ တရားရုံးက ဒီကရီကိုအတည်ပြုပေးရန် ဒီကရီကို လွှဲပြောင်းပေးနိုင်ရန်အလို့ငှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၉-၁(ခ)ပါ ပြဋ္ဌာန်းချက်မျိုးကို ပြဋ္ဌာန်းရန်လိုမည်မဟုတ်ချေ။ ထိုနည်းတူ အထက်ဖော်ပြပါ အမိန့်(၂၁) နည်း(၃)ပါ ပြဋ္ဌာန်းချက်မျိုးကိုလည်း ပြဋ္ဌာန်းပေးရန်လိုအပ်မည်မဟုတ်ချေ။ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကိုထောက်ချင့်၍ ယေဘုယျအားဖြင့် တရားရုံးတစ်ရုံးသည် ဒီကရီကိုအတည်ပြုရာ၌ မိမိစီရင်ပိုင်ခွင့်ဒေသအတွင်း တည်ရှိသောပစ္စည်းကိုသာ လေလံတင်ရောင်းချခွင့်ရှိသည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

တရားမမူလအမှုတွင် တရားရုံးတစ်ရုံးသည် မိမိ၏ စီရင်ပိုင်ခွင့်ဒေသအတွင်းတည်ရှိသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့်စပ်လျဉ်းသည့် အမှုအခင်းကိုသာ စီရင်ခွင့်ရှိကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၆ တွင် ကန့်သတ်ထားပြီး ဒီကရီအတည်ပြုသောအဆင့်တွင်မူ ၎င်းတရားရုံးသည် တရားရုံး၏စီရင်ပိုင်ခွင့်ပြင်ပရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင်ရောင်းချခွင့်ရှိသည်ဟု ဆိုလျှင် ဒီကရီကိုအတည်ပြုသည့်ရုံးကို မူလအမှုစစ်ဆေးသည့်ရုံးထက် စီရင်ပိုင်ခွင့်ပိုမိုပေးရာ ရောက်မည်ဖြစ်၍ သဘာဝကျမည်မဟုတ်ကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ကြောင့် အယူခံကိုခွင့်ပြုပြီး ပဲခူးတိုင်းတရားရုံး၏ ၁၉၈၅ ခုနှစ် အောက်တိုဘာ ၂ ရက် ရက်စွဲပါ ဆုံးဖြတ်ချက်ကို ဗဟိုတရားရုံးက ပယ်ဖျက်လိုက်သည်။ တရားနိုင်သည် အချင်းဖြစ်အိမ်ကိုလေလံတင်ရောင်းချစေလိုပါက ဒီကရီကို ရန်ကုန်တိုင်းတရားရုံးသို့ လွှဲပြောင်းပေးစေရန် နည်းလမ်းတကျလျှောက်ထားရန်ဖြစ်ကြောင်း ဗဟိုတရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ဦးမြရွှေနှင့် ဦးတန်ဘီ ခေါ် ဦးကျော်အောင် (၁၉၈၅)ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ် (၁၇၉) ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကျွန်းလှ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်း ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၈ ဒသမ ၇၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ပြောင်းကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ဦးဒေါင်းစုကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တုတ်ရွာမကျေးရွာအုပ်စု ဦးဒေါင်းစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ဦးဒေါင်းစုကျေးရွာ၌ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဂဝံလမ်းကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် ဦးဒေါင်းစုကျေးရွာ၌ အရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိသော ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း၊ စုစုပေါင်းငွေကျပ် ၁၆ သန်းဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်ထံမှ သိရသည်။

**ကိုညို**

# ဇလွန်မြို့နယ်တွင် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင်ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာထံမှ သိရသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် အောက်တိုဘာလပထမပတ်မှ ယနေ့ထိ အရောင်းအဝယ် ပြုလုပ်လျက်ရှိပြီး လက်ရှိတစ်ရက်လျှင် တိုင်ထောင်ပဲသီးပိဿာချိန် ၂၅၀၀ မှ ၅၀၀၀ ထိ ဝယ်ယူအားကောင်းမွန်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဇလွန်မြို့နယ်ဘက်ကနေ ထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူတာများနေပါတယ်။ လက်ရှိတိုင်ထောင်ပဲသီးပိဿာချိန် ၂၅၀၀ ကနေ ၅၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက် တိုင်ထောင်ပဲတွေ ရောင်းချနေရ



တော့ သယ်ယူစရိတ်သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ သီးနှံတွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေကလဲ ဒီဘက်ကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲသီးတွေ အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ စိုက်တဲ့တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ဇလွန်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြသည်။

ဇလွန်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ရာသီပေါ်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်း၍ အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် ကုန်ကျစရိတ်သက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများဖြစ်ခြင်းကြောင့် များစွာ အကျိုးကျေးဇူးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကွမ်းခြံကုန်းမြို့နယ် ကျားကိုက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရင်းအနှီးများ ရရှိပြီး ဆင်းရဲမှုနှုန်းလျော့ကျနိုင်ရန်အတွက် ကျားကိုက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၉၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျားကိုက်ကျေးရွာ၌ စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသေးစား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

# မင်းဘူးမြို့နယ် ပိုက်သင်ခေတ်မီစံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မင်းဘူး အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းဘူးမြို့နယ် ပိုက်သင်ခေတ်မီ စံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဇောဟိန်း၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးမျိုးအောင်နှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက မင်းဘူးမြို့နယ် ပိုက်သင်ခေတ်မီစံပြကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ပိုက်သင်ခေတ်မီစံပြကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၇ သန်းဖြင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို မြင့်မိုရ်စံထားကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ယယ်လေး**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(male)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(female)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**




## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အခြေခံပညာ အလယ်တန်းကျောင်း၊ လက်ပံကျေးရွာတွင် တာဝန်ထမ်းဆောင်နေသော ကျွန်မ ဒေါ်ခင်စောဌေး(၅/စကန(နိုင်)၁၅၄၁၈၆)၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးသိန်းတန်** ဖြစ်ပါကြောင်း။

**ဦးသိန်းတန်(၅/စကန(နိုင်)၀၆၂၈၈၂)**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ အောင်သီတာရပ်ကွက်၊ ဓမ္မရိပ်သာလမ်းနေ မောင်ကျော်သက်လွင် (ဘ) ဦးကျော်ကျော်လွင်(၁၃/ဟပတ(နိုင်)၀၂၀၀၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-777521955**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အမက(၈)ဘော်ဂါ၊ Grade-5 တန်းတွင် ပညာသင်ကြားနေသော မောင်ဇွဲပြည့်ထက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးသက်ခိုင်** ဖြစ်ပါကြောင်း။

**ဦးသက်ခိုင်(၅/စကန(နိုင်)၁၈၁၂၄၄)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်း၊ပါရမီပညာရိပ်မွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မစန်းသီတာအေး၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာ၊ အထက(ခွဲ)၊ Grade-6 တွင် ပညာသင်ကြားနေသော မအေးအေးဖြူ၊ Grade-5 တွင် ပညာသင်ကြားနေသော မပန်းအိဖြူတို့၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဘီရ်ဗာဒူး** ဖြစ်ပါကြောင်း။

**ဦးဘီရ်ဗာဒူး(၉/မကန(နိုင်)၀၇၀၀၉၀)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၇)၊ ဦးပိုင်အမှတ်(၂၀-ခ)၊ ဧရိယာ(၀.၀၂၇၂)ဧက အကျယ်ရှိမြေကွက်သည် ဦးသန်းမြင့် (ခ) ဦးမြင့်သန်း အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေကွက်သည် မဟာအောင်မြေခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ်(၁၈၂/၂၀၂၄)ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ကျွန်မ ဒေါ်နန်းမြစိုးမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကျွန်မဒေါ်နန်းမြစိုး မသိရှိဘဲ အခြားသူတစ်ဦးဦးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းခြင်း၊ သက်တမ်းတိုးခြင်း၊ လေလံတင်ရောင်းချခြင်းနှင့် အခြားမြေယာကိစ္စများ ဆောင်ရွက်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးလျှောက်ထားခြင်းများ မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းမြစိုး(၉/မရတ(နိုင်)၁၂၁၄၀၆)**
**မန္တလေးမြို့**
**09-797196651**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက(ခွဲ)ညှော့ပြကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ခိုင်မင်းသန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမောင်သိန်း** ဖြစ်ပါကြောင်း။ **ဦးမောင်သိန်း(၉/စကတ(နိုင်)၀၉၉၄၆၃)**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော်  အောက်တိုဘာ ၁၃**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့သီချင်းဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆




ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသည့် မနန်းဒါလီရှိုင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

## မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော်  အောက်တိုဘာ ၁၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက အကြံပြုထားသည်။



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားစဉ်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော်  အောက်တိုဘာ ၁၃**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား ၃၃ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အဆင့်အလိုက် ဖယ်သာဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များ၊ မစ်ဒယ်ဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များ၊ ဟဲဗီးဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များကိုဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အသီးသီးယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်

စာမျက်နှာ ၂၁ ကော်လံ ၁ ◆

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၁၃**

အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

အားကစားဖွင့်ပွဲ အခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန

စာမျက်နှာ ၂၄ ကော်လံ ၁ ■



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## Women's China Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လူယူဂျီ ချန်ပီယံဆုဆွတ်ခူး



**ပေကျင်း  အောက်တိုဘာ ၁၃**

Women's China Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တရုတ်ဂေါက်သီးရိုက်မယ် လူယူဂျီက ချန်ပီယံဆု ဆွတ်ခူးခဲ့သည်ဟု TNT Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၆ နှစ်ရှိ လူယူဂျီသည် အပျော်တမ်းဂေါက်သီးရိုက်မယ် တစ်ဦးဖြစ်သော်လည်း ထိပ်တန်းပြိုင်ပွဲဖြစ်သည့် Women's China Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ပရော်ဖက်ရှင်နယ် ကစားသမားများကို ကျော်ဖြတ်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လူယူဂျီသည် Women's China Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမကျော့တွင် စုစုပေါင်းရိုက်ချက် ၇၁ ချက်၊ ဒုတိယအကျော့တွင် ၆၉ ချက်၊ တတိယအကျော့တွင် ၆၉ ချက် စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်နိုင်ခဲ့ပြီးနောက် ချန်ပီယံဆုကို

စာမျက်နှာ ၂၂ ကော်လံ ၄ ❖